ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 22 September 2024 ၁၁၅၈၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၈ ) ရက်သာ လိုတော့သည်။



ကြေးမုံ

# သန်းခေါင်စာရင်းကောက်ယူရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူတော့မည်ဖြစ်ရာ ယခုအခါ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရန်အတွက် ရက်သတ္တတစ်ပတ်ခန့်သာလိုတော့မည်ဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူခြင်းသည် လက်ရှိလူဦးရေစာရင်းရရှိရန်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် ကောက်ယူကြမည့် ဝန်ထမ်းများအတွက် စနစ်တကျရှိပြီး စိတ်ဝင်စားစရာဖြစ်သလို ပြန်လည်ဖြေကြားကြရမည့် ပြည်သူများအနေဖြင့် စာရင်းအချက်အလက်များသည် အရေးပါပြီး တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိမှုတို့ကို သိရှိနားလည်ထားရန်လိုအပ်သည်။ ပြည်သူများအနေဖြင့် လူအမျိုးမျိုး စိတ်အထွေထွေရှိကြသည်ဖြစ်၍ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ နားလည်သဘောပေါက်ကြသူများရှိသလို နားမလည်သဘောမပေါက်ကြသူများလည်းရှိမည်ဖြစ်သည်။ နားလည်သဘောပေါက်ပြီး အဆင်ပြေကြသူများရှိသလို အဆင်မပြေပြောဆိုဆက်ဆံကြမည့်သူများလည်းရှိမည်ဖြစ်သည်။

အဓိကမှာ ကောက်ယူရရှိသည့် အချက်အလက်များ၏ အရေးပါမှုကို သိရှိနားလည်ပြီး စိတ်ရှည်သည်းခံ စနစ်တကျမေးမြန်းကောက်ယူရန်လိုအပ်သည်။ ထိုလုပ်ငန်းကို အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟုခံယူပြီး သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်ပြီးဆုံးသည်အထိ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာဆောင်ရွက်ရသဖြင့် ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းကြီးဖြစ်သည်။ သတ်မှတ်ကာလအတွင်း ကောက်ကွက်အလိုက် ပြီးမြောက်အောင်မြင်စေရန်အတွက် မေးမြန်းမှတ်သားမှု စနစ်တကျဖြစ်စေရန် သင်တန်းများတက်ရောက်၍ မှတ်သားထားရသည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်အဆင့်သင်တန်းများကို ခရိုင်အဆင့်မြို့များတွင် တစ်ပြိုင်တည်းဖွင့်လှစ်ပို့ချလျက်ရှိပြီး သင်တန်းပြီးဆုံးပါက မြို့နယ်အလိုက် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဟု သိရသည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်တွင် သန်းခေါင်စာရင်းအချက်အလက်များ၏ အသုံးဝင်မှုနှင့် မေးမြန်းရမည့် မေးခွန်းများ၏ အရေးပါမှုကို သိရှိနားလည်ပြီး သင်တန်းပို့ချချက်များနှင့် မိမိတို့၏အတွေ့အကြုံများကို ပေါင်းစပ်ကာ မြေပြင်တွင် တွေ့ကြုံရမည့် အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကို သိရှိထားရန်လိုအပ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းတွင် နည်းပညာအသုံးပြု၍ မေးမြန်းကောက်ယူမည်ဖြစ်သည့်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် သန်းခေါင်စာရင်းဥပဒေတို့ကို သိရှိနားလည်ပြီး စာရင်းစစ်၊ စာရင်းကောက်များသာမက ပြည်သူများအတွက်ပါ အကာအကွယ်ပေးထားသည့် ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည်ထားရန် လိုအပ်သည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးကို အိမ်ထောင်စုမေးခွန်းပုံစံများအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံများအတွက် မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ရာ ပြည်သူများအနေဖြင့် မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီပါဝင်ဆောင်ရွက်နိုင်ရေး ကြိုတင်အသိပေးရှင်းလင်းချပြထားရန် လိုအပ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိသော ကိန်းဂဏန်းအချက်အလက်များသည် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်၍ အချက်အလက်မှန်ကန်ရေးသည် အရေးကြီးသော အချက်ဖြစ်သည်။

ထို့အပြင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြုစုရာတွင် မြေပြင်ကွင်းဆင်းကောက်ယူရရှိသည့် စာရင်းအချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ် သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူခြင်းတို့မှ ရရှိသည့် သန်းခေါင်စာရင်းအချက်အလက်များအပေါ်တွင် အခြေခံပြီး ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတို့မှ ရရှိသည့် အချက်အလက်များကိုပေါင်းစပ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ထိရောက်စွာအထောက်အကူပြု အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်မည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သည်နှင့်အညီ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်ပြီးမြောက်မည်ဖြစ်၍ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ် အောင်မြင်စေရန်အတွက် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

UN Tourism

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

"ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး"

WORLD TOURISM DAY 2024 | TOURISM AND PEACE

၂၇-၉-၂၀၂၄ MICC-2 ၊ နေပြည်တော်

## ၂၀၂၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပစစ်ဆေးမည့်ရက် ပြောင်းလဲခြင်း

၂၀၂၅ ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲများကို (၃-၁၀-၂၀၂၄) ရက်နေ့နှင့် (၄-၁၀-၂၀၂၄) ရက်နေ့များတွင် ကျင်းပစစ်ဆေးရန် ကြေညာထားရှိသော်လည်း ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အင်အားဖြည့်ပါဝင်ဆောင်ရွက်လျက်ရှိပါသဖြင့် ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲများကို (၂၂-၁၀-၂၀၂၄) ရက်နေ့နှင့် (၂၃-၁၀-၂၀၂၄) ရက်နေ့များသို့ ပြောင်းလဲကျင်းပစစ်ဆေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

❖ **မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက်ကြောင့် ၆ ပုံ ၁ ပုံ (၁၆ ရာခိုင်နှုန်း)ခန့် ရေကြီးခဲ့**

❖ **ယနေ့နံနက်ရရှိသည့် စာရင်းများအရ လုံးဝပျက်စီးသွားသည့် အဆောက်အအုံပေါင်း ၂၁၄၉ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့် အဆောက်အအုံပေါင်း ၁၃၆၀၂၃ လုံး စုစုပေါင်း ၁၄၁၆၂၇ လုံးနှင့် စာသင်ကျောင်းပေါင်း ၅၄၆ ကျောင်း ရေဝင်နစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် လူဦးရေ ၁၄၈၆၄၃ ဦး ရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦး သေဆုံးခဲ့**

○ ရှေ့ဖုံးမှ

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို မှတ်တမ်းတင်ထားသည့် **"သဘာဝ ဘေးအန္တရာယ်ကို ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားကြမည်"** Video Clip ကို ဖွင့်လှစ်ပြသသည်။

**အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံခြားရေးဝန်ကြီးဌာနက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်ပေးအပ် လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ဦးဝဏ္ဏမောင်လွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

**သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် စိတ်စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အပေါင်းကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းသည် အလွန်အင်အားပြင်းထန်သည့် မုန်တိုင်းတစ်ခုဖြစ်ပြီး ထိခိုက်ပျက်စီးမှုများသည်လည်း အလွန်များပြားခဲ့ကြောင်း၊ မုန်တိုင်း ဟိုင်နန်ကျွန်းသို့ ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှုရှိသည်ကို နိုင်ငံတကာမှ ထုတ်ပြန်သည့် သတင်းများအရ သိရှိခဲ့ကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုအတိုင်း အတာအထိဖြစ်မည်ဟု မမျှော်မှန်းခဲ့ကြကြောင်း၊ တစ်ချိန်တည်းတွင် ဘင်္ဂလားပင်လယ်အော်၌လည်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေခဲ့ကြောင်း၊ ယင်းတို့၏ အရှိန်များကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော် ကောင်စီနယ်မြေနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုကဲ့သို့ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုများကြောင့် တောင်ကုန်း တောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများ တစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုကြုံတွေ့ခဲ့ရသည့် ရေဘေးကြုံတွေ့ခဲ့ရသည့် ဒေသများတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ ဆိုးရွားသည့် အခြေအနေ မကြုံတွေ့ခဲ့ဖူးကြောင်းကို သိရှိရကြောင်း၊ ညအချိန် မိုးရွာသွန်းမှုများပြားပြီး ရုတ်တရက် တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ထိခိုက်မှုများပြားခဲ့ရခြင်း ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

»»» **စာမျက်နှာ ၃ မှ**

မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက်ကြောင့် ခြောက်ပုံတစ်ပုံ (၁၆ ရာခိုင်နှုန်း) ခန့် ရေကြီးခဲ့ကြောင်း၊ ယနေ့နံနက်ရရှိသည့် စာရင်းများအရ လုံးဝပျက်စီးသွားသည့် အဆောက်အအုံပေါင်း ၂၁၄၉ လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် အဆောက်အအုံပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့် အဆောက်အအုံပေါင်း ၁၃၆၀၂ လုံး စုစုပေါင်း ၁၄၁၆၂၇ လုံးနှင့် စာသင်ကျောင်းပေါင်း ၅၄၆ ကျောင်း ရေဝင်နစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် လူဦးရေ ၁၄၈၆၄၃ ဦး ရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦး သေဆုံးခဲ့ကြောင်း၊ နေပြည်တော်မှ ၁၆၄ ဦး၊ ကရင်ပြည်နယ်မှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၃၄ ဦး၊ ရှမ်းပြည်နယ်မှ ၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦးဖြစ်ပြီး ပျောက်ဆုံးနေသူ ၈၉ ဦးရှိကြောင်း၊ ဘာသာရေးနှင့် ပတ်သက်ပြီး ၄၃၅ ကျောင်း ပျက်စီးခဲ့ကြောင်း၊ လမ်းတံတား ၅၃၃ ခု ရေမျောပျက်စီးခဲ့ကြောင်း၊ လျှပ်စစ်မီးတိုင် ၂၄၈၉ တိုင်၊ ဆက်သွယ်ရေးတာဝါတိုင် ၉၉ ခု၊ တိရစ္ဆာန်သေဆုံးမှု ၁၄၄၉၉၈ ကောင်၊ စပါးစိုက်ဧက ၇၃၅၄၆၁ ဧက ပျက်စီးခဲ့သည်ကို တွေ့ရှိရကြောင်း။

ယခုအချိန်သည် အားလုံးအတွက် အခက်အခဲများ ကိုယ်စီဖြစ်ပေါ်လျက်ရှိသည့်အချိန် ဖြစ်သော်လည်း အလှူငွေများ များစွာထည့်ဝင်ခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ရပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ အလားတူ ရေဘေးသင့်ပြည်သူများကိုလည်း အားလုံးက ဝိုင်းဝန်း၍လှူဒါန်းခြင်း၊ ကူညီကယ်ဆယ်ခြင်းများကိုလည်း အဆက်မပြတ် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မြန်မာလူမျိုးများ၏ လှူချင်၊ တန်းချင်သည့် စိတ်များကြောင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် ရေရုတ်တရက် စီးဆင်းလာချိန်တွင် ရရာပစ္စည်းများကိုသာ ယူဆောင်လာရသဖြင့် အခက်အခဲများစွာ ရှိကြကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ရေဘေး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲရန်လျာထားပြီး ယခုလှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေများဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ဆိုသည်မှာ ဖြစ်ပွားပြီးပါက အမြန်ဆုံးပြန်လည်ထူထောင်မှုပြုရန် လိုအပ်မည်ဖြစ်ကြောင်း၊

မိမိအပါအဝင် နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှုများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း။

❖ **နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲရန်လျာထားပြီး ယခုလှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေများဖြင့်လည်း ဆောင်ရွက်သွားမည်**

❖ **သဘာဝဘေးဒဏ်ဆိုသည်မှာ ဖြစ်ပွားပြီးပါက အမြန်ဆုံးပြန်လည်ထူထောင်မှုပြုရန်လိုအပ်မည်**

❖ **မိမိအပါအဝင် နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိ**

ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း တိုက်ခတ်ပြီးချိန်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့သို့သွားရောက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိဘုရား၊ စေတီပုထိုးများသည် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် စနစ်တကျ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သဖြင့် ယခုမိုးသည်းထန်စွာရွာသွန်းခဲ့ချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းခဲ့ရခြင်း ဖြစ်ကြောင်း။

ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံရှိ မြစ်ချောင်းများတွင် ကြမ်းခင်း (Bed Level) များမှာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပြီး သဲနုန်းများအနည်ချမှုများပြားလာခြင်းကြောင့် ဖြစ်ကြောင်း၊ အချို့နေရာများတွင် တရားမဝင် သစ်ထုတ်လုပ်မှုများ ရှိခြင်းနှင့် သစ်လုပ်ငန်းများမှ ထုတ်လုပ်သည့် သစ်များကို အချိန်မီ သယ်ယူနိုင်ခြင်းမရှိခြင်းတို့ကြောင့် ရုတ်တရက်မိုးအဆက်မပြတ်ရွာသွန်းပြီး ရေများကျဆင်းလာချိန်၌ ပျက်စီးမှုများကို ပိုမိုများပြားစေခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့်စိုက်ပျိုးဧက ခုနစ်သိန်းခန့်ပျက်စီးခဲ့ပြီး ပြန်လည်စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အချို့လယ်ယာများမှာ ပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် ပြုပြင်မှုများ များစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရန် အဆင်မပြေတော့သည့် စိုက်ဧကများ၌ နွေသီးနှံများကို စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍လည်း ရေဘေးသင့်ဒေသများရှိ ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသားများအားလုံး အတန်းနှင့်လျော်ညီသည့် စာတတ်မြောက်ရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ကျောင်းများနှင့် ပတ်သက်၍လည်း ကူညီဆောင်ရွက်လိုပါက ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို နိုင်ငံတော်အစိုးရက အမြန်ဆုံး ပြင်ဆင်တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် စာအုပ်များနှင့် စာရေး ကိရိယာများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းနိုင်ကြောင်း။

**စာမျက်နှာ ၅ သို့** »»»

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

»»» စာမျက်နှာ ၄ မှ

ယခုဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှုမရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ရန်အတွက် ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ နေထိုင်မှုများ စည်းကမ်းတကျရှိပါက ထိခိုက်ပျက်စီးမှုများနည်းနိုင်မည်ဖြစ်ပြီး အမှိုက်များကိုစည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ရေစီးရေလာများကို ထိခိုက်စေနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေနိုင်သဖြင့် နေထိုင်မှုများ စည်းကမ်းတကျရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများလှူဒါန်းမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားရာတွင် "စုပေါင်းအားနဲ့ ကျွန်တော်တို့ကျော်လွှားရမှာဖြစ်ပါတယ်၊ ဒီနေ့ ခင်ဗျားတို့လှူတဲ့ ပိုက်ဆံက ၃၁ ဘီလီယံကျော်ဟာ နည်းတဲ့ပိုက်ဆံမဟုတ်ပါဘူး၊ ကျွန်တော် တော်တော်ကြီးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လည်း ငွေသုံးရတာနဲ့ပတ်သက်လို့ရှိရင် သုံးချင်တိုင်းသုံးလို့လည်း မရပါဘူး၊ သုံးချင်သလိုသုံးလို့ရှိရင် ဘတ်ဂျက်မှာလည်းသွားပြီးတော့ အများကြီး စကားပြောပါတယ်၊ ဒါကြောင့် ဒီနေ့လှူဒါန်းတဲ့ဟာက နိုင်ငံရဲ့ဝန်တစ်ခုကို တစ်စိတ်တစ်ပိုင်း တာဝန်ယူပေးလိုက်တာလည်း ဖြစ်ပါတယ်၊ ကျွန်တော်မှတ်ထားပါမယ်၊ ဒီဟာနဲ့ပတ်သက်ပြီးတော့ မှတ်ထားပါမယ်၊ ကျွန်တော်တကယ်မျှော်လင့်တုန်းက သုံး၊ လေးဘီလီယံလောက်ပဲ မျှော်လင့်ပါတယ်၊ ထပ်လောင်းပြောရလို့ရှိရင် သဒ္ဓါတရား ထက်သန်စွာနဲ့ ဒီနေ့ငွေတွေလာလှူပေးကြတဲ့ အလှူရှင်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးကို ထပ်လောင်းပြီးတော့ ကျေးဇူးတင်ကြောင်း ထပ်လောင်းပြီး ပြောပါရစေ၊ နောင်မှာလည်း တိုင်းပြည်ရဲ့လိုအပ်ချက်တွေရှိလာတဲ့အခါမှာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့အတွက်လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်၊ ကျွန်တော်တို့အနေနဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အတိုင်းပဲ ဖြစ်အောင်သွားပါမယ်၊ကျွန်တော်တို့ တကယ်တမ်းပြောရလို့ရှိရင်တော့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်က ပြီးခဲ့တဲ့ ဟို နှစ်နှစ်ကတည်းက ပြီးရမှာပါ၊ အကြောင်းအမျိုးမျိုးကြောင့် မပြီးဘူးဖြစ်သွားပြီးတော့ ဒီဘက်အထိရှည်လာတယ်၊ အဲဒီတော့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ရှေ့လုပ်ငန်းစဉ်(၅)ရပ် ပြီးအောင် အကောင်အထည် ဖော်ချင်ပါတယ်၊ ဒီအတွက်လည်း ဝိုင်းဝန်းကူညီပေးကြဖို့လည်း ပြောလိုပါတယ်၊ လာမယ့် အောက်တိုဘာလ တစ်ရက်နေ့မှာ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အစီအစဉ် ရှိပါတယ်၊ ဒီမှာလည်း အောင်မြင်အောင်လည်း ဝိုင်းကူညီပေးကြဖို့နဲ့ အဲဒီက နောက်ဆက်တွဲက ကျွန်တော်တို့က ဒီအပေါ်မှာ အခြေခံပြီးတော့ မဲစာရင်းတွေပြုစုပြီးလို့ရှိရင် ရွေးကောက်ပွဲတွေ ကျွန်တော်တို့လုပ်ပြီးတော့ နိုင်ငံတော်ကို ပြည်သူရွေးချယ်တဲ့ လမ်းကြောင်းအတိုင်း သွားကြဖို့ပဲ ဖြစ်ပါတယ်၊ ဒီမှာလည်းဝိုင်းဝန်းပါဝင်ပေးကြဖို့လည်း တိုက်တွန်းပြောကြားရင်းနဲ့နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့်ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ်သန်းပေါင်း ၃၂၂၃၀ (ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ)ကျော်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင် စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

# တောင်ငူခရိုင် ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

တောင်ငူ စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက တောင်ငူခရိုင် ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရာဂီမုန်တိုင်းကြောင့် စစ်တောင်းမြစ်ရေမြင့်တက်ခဲ့ပြီး တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှုအပေါ် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် တက်ကြွစွာပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုများအတွက် စေတနာရှင်ပြည်သူများစုပေါင်း၍ ငွေကျပ် ၅၈၂၅၁၀၀၀၀ အား ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်



ကြည်သိုက်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် စွမ်းလှိုင်မင်းနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တက်ရောက်လာသည့် အလှူရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

စစ်တောင်းမြစ်ရေမြင့်တက်ခဲ့မှုကြောင့် တောင်ငူခရိုင်အတွင်းရှိ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်တို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သဖြင့် စက်တင်ဘာ ၁၂ ရက်မှစတင်၍ အိမ်ထောင်စု ၁၈၆၄၇ စု၊ လူဦးရေ ၇၂၄၉၄ ဦးတို့အား ရေဘေးရှောင်စခန်း ၁၄၁ ခုသို့လည်းကောင်း၊ အိမ်ထောင်စု ၇၀၅၂ စု၊ လူဦးရေ ၂၉၆၉၁ ဦးတို့အား ဆွေမျိုးမိသားစုနေအိမ်များသို့လည်းကောင်း စုစုပေါင်းလူဦးရေ ၁၀၂၁၈၅ ဦးတို့အား အန္တရာယ်ကင်းစွာ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှု၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုတို့ဖြင့် ယာယီရေဘေးစခန်းအလိုက် နေ့စဉ်ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဇီးကုန်းမြို့နယ် အထက(ဇီးကုန်း)၌ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ဇီးကုန်း စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျပန်းစကားပြောပြိုင်ပွဲကို အထက(ဇီးကုန်း) ခန်းမဆောင်၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ အထက(ဇီးကုန်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲအား ဆက်လက်ကျင်းပရာ Grade-10 နှင့် Grade-11 မှ ကျောင်းသားကျောင်းသူ ကိုးဦးက "ပညာသည် ဘဝရှေ့ဆောင်"၊ "လူငယ်နှင့်အီလက်ထရောနစ်ပညာ"၊ "ပညာခေတ်မှာ ပညာရှာ"၊ "စာပေမြင့်မှ လူမျိုးတင့်"၊ "လူငယ်နှင့် စာပေလေ့လာမှု"၊ "ကျောင်းသားလူငယ်နှင့် စာပေ"၊ "ပညာရဲရင့် ပွဲလယ်တင့်"၊ "အလိမ္မာစာမှာရှိ"၊ "စာဖတ်ခြင်း အကျိုးကျေးဇူး" စသည့်ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး၊ ပြန်/ဆက်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်လင်းအောင် ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းငွေပေါ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်တို့က စက်တင်ဘာ ၂၁ ရက်တွင် ဟုမ္မလင်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဟုမ္မလင်း(ပြန်/ဆက်)

## မွန်ပြည်နယ်ဝန်ကြီးချုပ် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မော်လမြိုင် စက်တင်ဘာ ၂၁

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ဆေးရုံအင်္ဂါရပ်နှင့် ကိုက်ညီမှုရှိပြီး ဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည်ပြည်နယ်ဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ကလေးဆေးရုံပရိဝုဏ်အတွင်းနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များအား မွန်ပြည်နယ်ရဲတပ်ဖွဲ့ဝင် အင်အား ၁၅၀ ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များအား ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စာသင်ကျောင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၁

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် ၃၆ ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၉၆ ဦး၊ စာရေးဝန်ထမ်း တစ်ဦး စုစုပေါင်း ၁၃၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် ဦးဝိစာရလမ်း အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးကြည် ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူးများ တက်ရောက်အားပေးခဲ့ပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်(ပြန်/ဆက်)**





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် ဒုရဲမှူးကြီးကျော်ဝင်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဦး၊ မြို့မစခန်းမှူး ဒုရဲမှူးကျော်စန်းဝင်း ဦးဆောင်၍ စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဒါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါ အစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**

# ပုသိမ်မြို့၌ ဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ပုသိမ် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးမိသားစုက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ စေတနာရှင် အလှူရှင်များ၊ ကုမ္ပဏီများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ အလှူငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေကျပ် ၃၅၂၂ သိန်းကျော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**







မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

# မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၁**

ရာဂီမုန်တိုင်းကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်အလှူရှင်များက ငွေကျပ် ၂၈၅၉ သိန်း ရှစ်သောင်းကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၇၁၉၁ သိန်း သုံးသောင်းတစ်ထောင်အား ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ကလောမြို့နယ်ရှိ ပြည်သူများထံသို့ ရေများပြန်လည်ဖြန့်ဝေ

**ကလော စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၌ စက်တင်ဘာ ၁၀ ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ပျက်စီးခဲ့သည့် ရေပေးဝေရေးလုပ်ငန်းများ ပြင်ဆင်ပြီးစီး၍ ရပ်ကွက်နေပြည်သူများသို့ ယမန်နေ့နံနက်ပိုင်းတွင် ရေများပြန်လည် စတင်ဖြန့်ဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကလောမြို့နယ်အတွင်း သောက်သုံးရေဖြန့်ဝေနေသည့် အင်းပြင်ရေထွက်မှ ရေပေးဝေရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ရာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနက ဆောင်ရွက်ခဲ့ရာ မြို့ပေါ်ရှိ အမှတ်(၁၊ ၂၊ ၄၊ ၅၊ ၆၊ ၇) စသည့် ရပ်ကွက်များမှ အိမ်ခြေ ၈၈၃ အိမ် နေပြည်သူ ၄၄၁၅ ဦး တို့အား အလှည့်ကျစနစ်ဖြင့် ပြန်လည်ဖြန့်ဝေပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ရေအေးကန်ဆည်မှ ရေပေးဝေရေး ပိုက်လိုင်းများလည်း ထိခိုက်ပျက်စီးခဲ့သဖြင့် ပြည်သူများအား ရေအေးကန်ဆည်မှ သောက်သုံးရေ ပြန်လည်ဖြန့်ဝေပေးနိုင်ရေး အမြန်ဆုံးပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ်
# (အရှေ့အလယ်ပိုင်းမှ ကမ္ဘာ့ဆုံးတိုင်ပဋိပက္ခ)

ကိုကိုလှိုင်

ဤနေရာဒေသတွင် ကမ္ဘာ့ရှေးအကျဆုံး ယဉ်ကျေးမှု လူ့အဖွဲ့အစည်း Civilization စတင်ခဲ့သည်။ ဤနေရာမှာပင် ကမ္ဘာ့အရှည်ကြာဆုံး ပဋိပက္ခက ရှိနေပြန်သည်။ ဤနေရာ၏ အမည်သညာခေါ်တွင်ရာကား "အရှေ့အလယ်ပိုင်းဒေသ" ဖြစ်လေသည်။

စင်စစ်၌ "အရှေ့အလယ်ပိုင်း" ဆိုသည်မှာ အနောက်တိုင်းသားတို့၏ သူတို့ရပ်တည်ရာမှ လှမ်းမျှော်ကြည့်သည့်အခေါ် ဖြစ်၏။ ပထဝီဝင်ဘာသာရပ်ဆိုင်ရာအမည်ကား အနောက်အာရှ၊ ဒေသခံ အာရပ်တို့၏အခေါ်ကား "အယ်လ်ရှတ် အယ်လ် အော်ဆတ်" (Alsharq Al' Awsat) (အရှေ့အလယ်ပိုင်း) သို့မဟုတ် မာရှရစ် (Mashriq) (နေထွက်ရာအရပ်)ဟု ခေါ်ကြသည်။ ယင်းမာရှရစ်နယ်မြေမှ အနည်းငယ်ပိုကျဉ်း၍ ယခုခေတ် ဆီးရီးယား၊ လက်ဘနွန်၊ အစ္စရေး၊ ဂျော်ဒန်တို့ ပါဝင်သော နယ်မြေကိုမူ လီဗန့် (Levant) (အရှေ့)ဟု ခေါ်သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခသည် အခြေခံအားဖြင့် ဂျူးလူမျိုးနှင့် အာရပ်လူမျိုးစုတို့၏ ပဋိပက္ခဖြစ်၏။ နောင်သော်ကိုးကွယ်ရာ ဘာသာများအကြား ပဋိပက္ခအသွင်ပါ ဆောင်လာ၍ ရဟူဒီဘာသာဝင် (ဂျူး)များနှင့် အစ္စလာမ်ဘာသာဝင်(အာရပ်ဆွေ့နီ)၊ ပါရှန်(ရှီယိုက်)တို့၏ ပဋိပက္ခအဖြစ်လည်း ကျယ်ပြန့်လာသည်။

ဤပဋိပက္ခ၏ စတင်မြစ်ဖျားခံရာမှာ ကမ္ဘာဦးအစကပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ခရစ်ယာန်ဘာသာဝင်တို့၏ ဓမ္မဟောင်းကျမ်း (Old Testament) အပါအဝင်ဖြစ်သော အာဒိကပ္ပ ကမ္ဘာဦးကျမ်း (The Book of Genesis) အရ ဣသရေလ လူမျိုး (အစ္စရေး) များနှင့် အာရပ်လူမျိုးများသည် ဧဗြာဟံ (Abram)ဟုခေါ်သော နယ်မြေအကြီးအကဲတစ်ဦးထံမှ ဆင်းသက်လာခဲ့သည့် ဖအေတူ၊ မအေကွဲ ညီနောင်များဖြစ်သည်ဆို၏။ ဧဗြာဟံနှင့် ဇနီးကြီး ဆာရာ (Sarah) တို့မှ မွေးဖွားသူ အီဆတ်(Isaac) (သားငယ်)နှင့် ကိုယ်လုပ်တော် မောင်းမငယ် ဟာဂါ (Hagar)တို့မှ အလျင် မွေးဖွားသူ အစ္စမေး(Ismael) တို့အကြား မိခင်ချင်းမပြေနိုင်သည့် အာဃာတများမှ တစ်ဆင့် အမွေဆက်ခံလာသည့် ပဋိပက္ခများက ယနေ့ထက်တိုင် စစ်မီးများ မငြိမ်းနိုင်သေးဘဲ တောက်လောင်နေဆဲဖြစ်၏။



ဇူလိုင် ၁၄ ရက်က ဂါဇာရှိ လူသားချင်းစာနာမှုဆိုင်ရာ သတ်မှတ်ဇရိယာကို အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လူအများအပြားသေဆုံးမှုနှင့်အတူ အပျက်အစီးများကို တွေ့ရစဉ်။

မြေပြင်မှ သမိုင်းအထောက်အထားများအရလည်း ရှေးယခင်ကစ၍ ဤဒေသတွင် အစ္စရီလိုက်၊ ဖီလစ္စတင်းနှင့် အီဂျစ်လူမျိုးစုများအကြား အားပြိုင်စစ်ထိုး လွှမ်းမိုးမှုများဖြင့် ပဋိပက္ခများ စဉ်ဆက်မပြတ် ရှိနေခဲ့သည်။ ရောမ၊ အောတိုမန်၊ ပါရှန်၊ အစ္စလမ္မစ်ခါလီဖိတ် အင်ပါယာများ ခေတ်တွင်လည်း ဤနယ်မြေ၌ စစ်မီးမငြိမ်းခဲ့၊ ခေတ်များပြောင်းကာ ၂၀ ရာစု စက်မှုခေတ်တိုင်အောင် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်တို့၌လည်း ဤနယ်မြေမှာ အေးချမ်းသည်ဟု မရှိခဲ့ပေ။

## အာရပ်-အစ္စရေး စစ်ပွဲများ

ရောမအင်ပါယာလက်ထက် အေဒီ ၁ ရာစုခန့်မှစ၍ အစုလိုက်အပြုံလိုက် နေရပ်မှ စွန့်ခွာကြရကာ နိုင်ငံပျောက်ခဲ့ရသော ဂျူးလူမျိုးများသည် ကမ္ဘာအရပ်ရပ်၌ ပြန့်ကျဲနေထိုင်ကြရာမှ ပထမကမ္ဘာစစ်အပြီး ဗြိတိသျှကာကွယ်စောင့်ရှောက်မှုအောက်တွင် ယင်းတို့၏ မူလဘူတနယ်မြေဒေသသို့ ပြန်လည်ဝင်ရောက် အခြေချကြရာတွင် ထိုနယ်မြေများ၌ နှစ်ပေါင်းထောင်နှင့်ချီ၍ နေထိုင်အခြေကျခဲ့ကြပြီးဖြစ်နေသော ပါလက်စတိုင်း အာရပ်များနှင့် ပဋိပက္ခ ဖြစ်ကြရပြန်တော့သည်။

ဒုတိယကမ္ဘာစစ်လွန်သော် ကုလသမဂ္ဂ၏ ကြားဝင်ဖြေရှင်းမှုဖြင့် ၁၉၄၈ ခုနှစ်တွင် ထိုဒေသကို အစ္စရေးနှင့် ပါလက်စတိုင်းဟု လူမျိုးအလိုက် နှစ်နိုင်ငံခွဲခြား သတ်မှတ်ပေးခဲ့သော်လည်း ပါလက်စတိုင်း အာရပ်တို့အတွက် နယ်မြေခွဲဝေမှု နည်းပါးသည်ဟု ယူဆသဖြင့် မကျေနပ်သောကြောင့်လည်းကောင်း၊ အာရပ်ဒေသအတွင်း ကမ္ဘာ့ရန်ဖြစ်သော ရဟူဒီဘာသာဝင် ဂျူးလူမျိုးတို့ နိုင်ငံသစ်ထူထောင်လာမည်ကို မရှုဆိတ် လက်မခံလိုသော အာဃာတစိတ်ကြောင့်လည်းကောင်း၊ ဂျူးနိုင်ငံသစ်ထူထောင်သည့် ၁၉၄၈ ခုနှစ် မေလ ၁၄ ရက်နေ့မှစ၍ ပတ်ဝန်းကျင်မှ အာရပ်ငါးနိုင်ငံက အစ္စရေးကို ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် အာရပ်-အစ္စရေး ပထမစစ်ပွဲ ဖြစ်ပွားခဲ့ရသည်။

ထိုစစ်ပွဲတွင် အစ္စရေးတို့က အနိုင်ရရှိခဲ့ပြီး အတင်းအကျပ်နှင်ထုတ်ခဲ့မှုကြောင့် ပါလက်စတိုင်း၊ အာရပ် ၇၅၀၀၀၀ ခန့်မှာ နယ်မြေပျောက်၍ ဒုက္ခသည်ဘဝသို့ ရောက်ရှိသွားခဲ့ရသည်။ ယခုအခါ ပါလက်စတိုင်းဒုက္ခသည် ခြောက်သန်းခန့်ရှိနေပြီး အများစုမှာ အစ္စရေးနယ်နိမိတ်မျဉ်းမှ ကီလိုမီတာ ၁၀၀ (၆၂ မိုင်)အတွင်း နေထိုင်ကြရသည်ဟုဆိုသည်။ သုံးပုံတစ်ပုံခန့်မှာ လက်ဘနွန်၊ ဂျော်ဒန်၊ ဆီးရီးယား၊ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင် (ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ)တို့ရှိ ဒုက္ခသည်စခန်း ၅၈ ခုတွင် နေထိုင်ကြရသည်။

လက်ရှိ အခြေအနေတွင် စတုရန်းမိုင် ၁၄၀ ခန့်သာရှိသော ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းလူမျိုးနှစ်သန်းကျော် နေထိုင်လျက်ရှိကြသည်။ (ယခုဖြစ်ပေါ်နေသော ပဋိပက္ခကြောင့် ပါလက်စတိုင်း ၅၀၀၀၀ နီးပါး သေဆုံးခဲ့ပြီ ဖြစ်သည်ဟု ဆိုပါသည်။)

၁၉၄၈ ခုနှစ် စစ်ပွဲပြီးနောက်တွင် ၁၉၅၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၂ ခုနှစ်တို့တွင် အာရပ်-အစ္စရေးစစ်ပွဲများ ထပ်မံဖြစ်ပွားခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ကြိုးပမ်းအားထုတ်မှုများ လုံးလုံးလျားလျား ကင်းမဲ့နေသည်တော့ မဟုတ်ပေ။ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံဖြစ်ပြီး အစ္စရေးကို ကူညီစောင့်ရှောက်ပေးနေသည့် နိုင်ငံလည်းဖြစ်သော အမေရိကန်နိုင်ငံ၏ ကမကထပြုမှုဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြပြီး ၁၉၇၈ ခုနှစ် အမေရိကန်သမ္မတ ကာတာလက်ထက်တွင် ဒေးဗစ်စခန်း သဘောတူညီချက်၊ သမ္မတ ကလင်တန်လက်ထက်တွင် ၁၉၉၃ ခုနှစ် အော့စလိုသဘောတူညီချက် (ပထမအကြိမ်)နှင့် ၁၉၉၅ ခုနှစ် အော့စလိုသဘောတူညီချက် (ဒုတိယအကြိမ်) တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

## ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် သီးခြားနှစ်နိုင်ငံ (Two State) ထူထောင်ရေး အယူအဆ

မှတ်သားဖွယ်ကောင်းသော အချက်နှစ်ရပ်မှာ အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးသဘောတူစာချုပ်များမှာ အမေရိကန်နိုင်ငံတွင် သဘောထားပျော့ပျောင်းသည့် ဒီမိုကရက်ပါတီသမ္မတများ (ဂျင်မီကာတာနှင့် ဘီလ်ကလင်တန်) လက်ထက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် လက်မှတ်ထိုးခဲ့ကြသော အာရပ်နှင့် အစ္စရေးခေါင်းဆောင်နှစ်စုံတွဲစလုံး (ဒေးဗစ်စခန်းတွင် အီဂျစ်သမ္မတ အန်ဝါဆာဒတ်နှင့် အစ္စရေးဝန်ကြီးချုပ် မီနာချမ်ဘီဂင်၊ အော်စလိုတွင် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်နှင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်) နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရရှိခဲ့ကြခြင်းဖြစ်သည်။

ဒေးဗစ်စခန်း သဘောတူညီချက်တွင် အဓိကအားဖြင့် အစ္စရေးက သိမ်းပိုက်ထားသော ဂါဇာနှင့် ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းနယ်မြေများတွင်

စာမျက်နှာ ၉ သို့ ✪

❖ **အစ္စရေးနိုင်ငံ၌ သဘောထားပျော့ပျောင်းသည့် လေဘာပါတီ အာဏာရရှိချိန်များ၌မူ ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား အတော်အတန် ညှိနှိုင်းပြေလည်မှုရရှိခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ကာ ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် သီးခြားပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးအထိ မျှော်မှန်းလုပ်ဆောင်နိုင်ခဲ့**

❖ **သို့ရာတွင် သဘောထားပြင်းထန်သူများ အာဏာရရှိလာချိန်၌မူ ထိပ်တိုက်ဆန့်ကျင်မှု ပိုမိုများပြားပြီး အစ္စရေးအစိုးရဘက်ကလည်း လူအုပ်ဖွဲ့အုံကြွမှုများအား မျက်ရည်ယိုဗုံး၊ အဓိကရုဏ်းနှိမ်နင်းရေးသေနတ်များဖြင့် ပစ်ခတ်နှိမ်နင်းခြင်း၊ အကြမ်းဖက်ကျူးလွန်သူများကို နေရာတွင်ပင် သုတ်သင်ရှင်းလင်းပြီး အကြမ်းဖက်သမား၏ နေအိမ်ကိုလည်း မြေထိုးစက်ဖြင့် ဖြိုချဖျက်ဆီးခြင်း စသည့်နည်းလမ်းများဖြင့် အင်အားသုံးဖြေရှင်းခဲ့**

> **“ဂါဇာတွင်ပြွတ်သိပ်နေထိုင်ရသည့် ပါလက်စတိုင်းတို့မှာ ယခင်က အစ္စရေးမြို့ရွာများဘက်သို့ ထွက်ခွင့်ရပြီး သီးနှံစိုက်ပျိုးခြံများတွင် အလုပ်လုပ်ကိုင်ခွင့်ရခဲ့ကြသော်လည်း ဂါဇာကို ပိတ်ဆို့ထားပြီးနောက် အလုပ်လက်မဲ့ဖြစ်ကာ ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ ထို့အပြင် ဂါဇာဒေသကို အစ္စရေးက ထောက်ပံ့ပေးထားသည့် ရေ၊ မီး၊ စက်သုံးဆီတို့မှာလည်း အစ္စရေးကနိုင်ငံရေးအရ ထိန်းချုပ်ကန့်သတ်မှုများရှိခဲ့ရာ ပါလက်စတိုင်းတို့အတွက် ဘဝရပ်တည်မှုခက်ခဲလာကာ အစ္စရေးကို ပို၍မုန်းတီးလာခဲ့ကြသည်။ ၂၀၀၆ ခုနှစ်တွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ (အနောက်ဘက်ကမ်း + ဂါဇာ)၌ ရွေးကောက်ပွဲကျင်းပရာ အနောက်ဘက်ကမ်း၌ သဘောထားပျော့ပျောင်းသည့် PLO ဖာတာအဖွဲ့က အနိုင်ရရှိခဲ့သော်လည်း ဂါဇာဒေသ၌မူ သဘောထားပြင်းထန်သည့် ဟားမားစ်က မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဤတွင် အစ္စရေး-ဟားမားစ် ထိပ်တိုက်ရင်ဆိုင်မှု ဇာတ်လမ်းစခဲ့ခြင်းဖြစ်”**

❂ စာမျက်နှာ ၈ မှ

ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ထူထောင်ရေး၊ ယင်းနယ်မြေများမှ အစ္စရေးတပ်ဖွဲ့နှင့် အရပ်သားများ ဆုတ်ခွာပေးရေး၊ ပါလက်စတိုင်းပြည်သူများအား ငါးနှစ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝပေးရေးတို့ဖြစ်သည်။ နောက်ဆက်တွဲ အပြန်အလှန်အဖြစ် အစ္စရေးနိုင်ငံ တည်ရှိမှုကို အီဂျစ်နိုင်ငံက အသိအမှတ်ပြုခဲ့ကာ အမေရိကန်ကလည်း ထိုနှစ်နိုင်ငံစလုံးကို ဒေါ်လာဘီလီယံနှင့်ချီ၍ အကူအညီပေးခဲ့သည်။ **(အစ္စရေးကို အသိအမှတ်ပြုခဲ့မှုကြောင့် အာရပ်နိုင်ငံများက အမျက်ထွက်ခဲ့ကြပြီး အီဂျစ်ကို အာရပ်အဖွဲ့ချုပ်မှ ထုတ်ပစ်ကာ သမ္မတ ဆာဒတ်မှာလည်း ၁၉၇၉ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။)**

အော့စလို သဘောတူညီချက်နှစ်ရပ်မှာ အထက်ပါ ဒေးဗစ်စခန်း သဘောတူညီချက်ကိုပင် အခြေခံ၍ ဆွေးနွေးရရှိခဲ့ခြင်းဖြစ်၏။ အဓိကအားဖြင့် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ (Palestine Authority) ကို ဖွဲ့စည်းရေး၊ အနောက်ဘက်ကမ်းဒေသတွင် ပါလက်စတိုင်းထိန်းချုပ်နယ်မြေ၊ အစ္စရေးထိန်းချုပ်နယ်မြေနှင့် ရောနှောထိန်းချုပ်နယ်မြေ (အစ္စရေးစစ်ဘက်နှင့် ပါလက်စတိုင်း အရပ်ဘက် ရောနှောအုပ်ချုပ်မှု) ဟူ၍ ခွဲခြားအုပ်ချုပ်ရေး၊ ဂါဇာနှင့် ဂျယ်ရီချိုဒေသမှ အစ္စရေးတပ်များ ဆုတ်ခွာပေးရေးတို့ကို သဘောတူခဲ့ကြသည်။ **(ဤဆွေးနွေးပွဲအပြီး ၁၉၉၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အစ္စရေးဝန်ကြီးချုပ် ရာဘင်ကို ဂျူးအစွန်းရောက်တစ်ဦးက လုပ်ကြံခဲ့ပြီး ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်မှာလည်း ၂၀၀၄ ခုနှစ်တွင် အဆိပ်ခတ်ခံရ၍ သေဆုံးခဲ့သည်။)**

ဤဖြစ်ရပ်များက ရည်ညွှန်းနေသည်မှာ အာရပ်-အစ္စရေး ငြိမ်းချမ်းရေးလမ်းကြောင်းသည် ပန်းခင်းလမ်းမဟုတ်ဘဲ အပြစ်မဲ့ပြည်သူများမှသည် ထိပ်သီးခေါင်းဆောင်များအထိ အသက်သွေးပေါင်းများစွာ ရင်းနှီးခဲ့ရပြီး ခလုတ်တံသင်း ဆူးငြောင့်များဖြင့် ပြွမ်းတီးသော ခယောင်းလမ်းဖြစ်နေသည်ကို ထင်ရှားစွာ တွေ့ရပေသည်။

စင်စစ်၌ ဤပြဿနာ၏အဖြေမှာ ၁၉၄၈ ခုနှစ် ပါလက်စတိုင်းနှင့် အစ္စရေးတို့ လွတ်လပ်ရေးကြေညာချိန်ကပင် ထင်ရှားစွာပါဝင်ခဲ့ပြီဖြစ်သော သီးခြားနှစ်နိုင်ငံ ထူထောင်ရေးပင် ဖြစ်၏။ သို့သော် ဤအဖြေကို နှစ်ဖက်စလုံးက လက်မခံနိုင်ကြသဖြင့်သာ ယနေ့ထက်တိုင်အောင် ပဋိပက္ခသက်ဆိုးရှည်နေရခြင်းပင် ဖြစ်လေသည်။

## သီးခြားနှစ်နိုင်ငံ အယူအဆနှင့် ရေတစ်လှည့် မီးတစ်လှည့်ကာလများ

အစ္စရေးနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂကထူထောင်ပေးခဲ့သော အစ္စရေးနှင့် ပါလက်စတိုင်း သီးခြားနှစ်နိုင်ငံဘဝမှ ဖြစ်တည်မှု စတင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အာရပ်နိုင်ငံအားလုံးလိုလို ဂျူးလူမျိုးတို့၏ နိုင်ငံသစ်တစ်ခုပေါ်ထွန်းလာမည်ကို မလိုလားသည့်အတွက် အစ္စရေးကိုဝိုင်း၍ တိုက်ခဲ့ကြသည်။ သို့သော် အကျိုးရလဒ်မှာ ယင်းတို့လိုလားသည်နှင့် ပြောင်းပြန်ဖြစ်သွားသည်။ ပါလက်စတိုင်းနိုင်ငံပျောက်၍ ပါလက်စတိုင်းအတွက် သတ်မှတ်ထားသော နယ်မြေအားလုံးကို အစ္စရေးက သိမ်းပိုက်လိုက်သည်။ ပါလက်စတိုင်းအများစု ထွက်ခွာသွားရကာ နိုင်ငံမဲ့ဒုက္ခသည်များ ဖြစ်သွားကြသည်။

နောက်ပိုင်းတွင် အာရပ်တို့ အင်အားစုစည်းမိလာတိုင်း အစ္စရေးကိုစစ်ဆင်နွှဲရန် ကြိုးစားရာ အစ္စရေးကလည်း လက်ဦးမှုယူ၍ အလျင်ဦးအောင် တိုက်လေ့ရှိသည်။ ၁၉၇၃ ခုနှစ် ယွန်ကစ်ပူးစစ်ပွဲတစ်ခုသာလျှင် အာရပ်ဘက်မှ စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အစ္စရေးတို့က အများနှင့်တစ်ယောက်ဖြစ်၍ စစ်ရေးစွမ်းရည်ကို အစဉ်ထက်မြက်အောင် လုပ်ဆောင်ထားခြင်း၊ ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာကျင့်သုံးနိုင်ခြင်းနှင့် နောက်ပိုင်းမှ မဟာအင်အားကြီး အမေရိကန်နိုင်ငံက အစစကူညီပံ့ပိုး ထောက်ပံ့နေခြင်းတို့ကြောင့် အင်အားနည်းပါးလျက် အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

သို့ရာတွင် ၁၉၈၂ ခုနှစ်၌ အစ္စရေးက လက်ဘနွန်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးသည့်နောက်ပိုင်း အာရပ်နိုင်ငံများနှင့် အစ္စရေးအကြား နိုင်ငံချင်းစစ်ပွဲများ မဖြစ်ပွားတော့သော်လည်း အစ္စရေးနိုင်ငံအတွင်း ပါလက်စတိုင်းနယ်မြေများ၌ ကျန်ရစ်ခဲ့ကြသည့် ပါလက်စတိုင်း၊ အာရပ်များနှင့် အစ္စရေးတို့အကြား အာဃာတမီးက ငြိမ်းအေးမသွားဘဲ အကြောင်းသင့်တိုင်း အရှိန်မြင့်စွာတောက်လောင်ခဲ့သည်။ အထူးသဖြင့် အစ္စရေးနိုင်ငံ၌ သဘောထားတင်းမာသည့် လီကွဒ်ပါတီအာဏာရရှိသည့်ကာလများ၌ အစ္စရေးနှင့် ပါလက်စတိုင်းလူ့အဖွဲ့အစည်းနှစ်ရပ်အကြား ပဋိပက္ခကြီးမားလေ့ရှိသည်ကို တွေ့ရ၏။

ပါလက်စတိုင်းတို့မှာ အာဏာလက်မဲ့ လူနည်းစုဖြစ်ရာ သဘောထားတင်းမာသည့် အစ္စရေးအစိုးရကို ဆန့်ကျင်တွန်းလှန်ရာတွင် လူအုပ်စုဖွဲ့၍ မင်းမဲ့စရိုက်ဆန်ဆန်ရရာနည်းဖြင့် ရရာလက်နက်ကို သုံးကာ တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်သည့်နည်းများတွင် ဂျူးလူမျိုးများကို ဓားဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်၊ ကားနှင့်တိုက်ခြင်း၊ ခဲနှင့်ပေါက်ခြင်းမှသည် ဗုံးခွဲခြင်းနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများအထိ ပါဝင်သည်။ ဤသို့ လူအင်အားဖြင့် အုပ်ဖွဲ့အုံကြွမှုကို အင်တီဖာဒါလှုပ်ရှားမှု (Intifada) ဟုခေါ်ပြီး ၁၉၈၇ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် အကြီးကျယ်ဆုံး Intifada များ ဖြစ်သွားခဲ့၏။ ပထမအင်တီဖာဒါအုံကြွမှုတွင် လူပေါင်း ၃၀၀၀ ခန့်၊ ဒုတိယအင်တီဖာဒါတွင် လူပေါင်း ၄၃၀၀ ခန့် သေဆုံးခဲ့ပြီး ယင်းအရေအတွက်၏ သုံးပုံနှစ်ပုံကျော်ခန့်မှာ ပါလက်စတိုင်းများ ဖြစ်ကြလေသည်။

အစ္စရေးနိုင်ငံ၌ သဘောထားပျော့ပျောင်းသည့် လေဘာပါတီ အာဏာရရှိချိန်များ၌မူ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား အတော်အတန်ညှိနှိုင်းပြေလည်မှုရရှိခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ကာ ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် သီးခြား ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးအထိ မျှော်မှန်းလုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရပေသည်။

သို့ရာတွင် သဘောထားပြင်းထန်သူများ အာဏာရရှိလာချိန်၌မူ ထိပ်တိုက်ဆန့်ကျင်မှု ပိုမိုများပြားပြီး အစ္စရေးအစိုးရဘက်ကလည်း လူအုပ်ဖွဲ့အုံကြွမှုများအား မျက်ရည်ယိုဗုံး၊ အဓိကရုဏ်းနှိမ်နင်းရေး သေနတ်များဖြင့် ပစ်ခတ်နှိမ်နင်းခြင်း၊ အကြမ်းဖက်ကျူးလွန်သူများကို နေရာတွင်ပင် သုတ်သင်ရှင်းလင်းပြီး အကြမ်းဖက်သမား၏ နေအိမ်ကိုလည်း မြေထိုးစက်ဖြင့် ဖြိုချဖျက်ဆီးခြင်းစသည့်နည်းလမ်းများဖြင့် အင်အားသုံး ဖြေရှင်းခဲ့သည်။ အလွန်သဘောထား ပြင်းထန်သည့် အစ္စရေးဝန်ကြီးချုပ်ဟောင်း အေရီယယ်ရှရွန်၏လက်ထက် (၂၀၀၁-၂၀၀၆)တွင် သိမ်းပိုက်ပါလက်စတိုင်းနယ်မြေများကို တံတိုင်းကာရံခြင်း၊ ဂါဇာနှင့် အနောက်ဘက်ကမ်း ပါလက်စတိုင်းနယ်မြေများတွင် အစ္စရေးမိသားစုများကို ဝင်ရောက်အခြေချနေထိုင်စေပြီး အိမ်ရာများ ဆောက်လုပ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

အကျိုးဆက်အနေဖြင့် ပါလက်စတိုင်းဘက်မှ အစ္စရေးဘက်ရှိမြို့ရွာများကို ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်ခြင်းများ နည်းပါးသွားခဲ့သော်လည်း ပါလက်စတိုင်းနယ်မြေအတွင်းရှိ ဂျူးအခြေချသူများအပေါ် တိုက်ခိုက်မှုများ ပြင်းထန်လာခြင်း၊ အထူးသဖြင့် ဂါဇာတွင် ၁၉၈၇ ခုနှစ်မှ စတင်ပေါ်ပေါက်လာသည့် ဟားမားစ်အကြမ်းဖက်အဖွဲ့က ပါလက်စတိုင်းဒေသတစ်ခုလုံးကို ပါလက်စတိုင်း အာရပ်နိုင်ငံသစ်ထူထောင်ရေးနှင့် အစ္စရေးနိုင်ငံလုံးဝချုပ်ငြိမ်းရေးဦးတည်ကာ အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လာခြင်းတို့ကြောင့် ဂါဇာမှ အစ္စရေးအခြေချသူများကို လုံးဝဆုတ်ခွာဖယ်ရှားကာ ပိုင်းခြားထားသည့် ခြံစည်းရိုးတံတိုင်းကို တင်းကျပ်စွာပိတ်ဆို့ထားခဲ့သည်။ အနောက်ဘက်ကမ်းဒေသတွင်မူ အစ္စရေးအခြေချနေထိုင်မှုများ ပိုမိုတိုးမြှင့်ကာ နယ်မြေများတိုးချဲ့ရယူ ထိန်းချုပ်ခဲ့သည်။

ထို့ပြင် ဂါဇာတွင်ပြွတ်သိပ်နေထိုင်ရသည့် ပါလက်စတိုင်းတို့မှာ ယခင်က အစ္စရေးမြို့ရွာများဘက်သို့ ထွက်ခွင့်ရပြီး သီးနှံစိုက်ပျိုးခြံများတွင် အလုပ်လုပ်ကိုင်ခွင့်ရခဲ့ကြသော်လည်း ဂါဇာကို ပိတ်ဆို့ထားပြီးနောက် အလုပ်လက်မဲ့ဖြစ်ကာ ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ ထို့အပြင် ဂါဇာဒေသကို အစ္စရေးက ထောက်ပံ့ပေးထားသည့် ရေ၊ မီး၊ စက်သုံးဆီတို့မှာလည်း အစ္စရေးက နိုင်ငံရေးအရ ထိန်းချုပ်ကန့်သတ်မှုများရှိခဲ့ရာ ပါလက်စတိုင်းတို့အတွက် ဘဝရပ်တည်မှုခက်ခဲလာကာ အစ္စရေးကို ပို၍မုန်းတီးလာခဲ့ကြသည်။ ၂၀၀၆ ခုနှစ်တွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ (အနောက်ဘက်ကမ်း + ဂါဇာ)၌ ရွေးကောက်ပွဲကျင်းပရာ အနောက်ဘက်ကမ်း၌ သဘောထားပျော့ပျောင်းသည့် PLO ဖာတာအဖွဲ့က အနိုင်ရရှိခဲ့သော်လည်း ဂါဇာဒေသ၌မူ သဘောထားပြင်းထန်သည့် ဟားမားစ်က မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဤတွင် အစ္စရေး-ဟားမားစ် ထိပ်တိုက်ရင်ဆိုင်မှုဇာတ်လမ်း စခဲ့ခြင်းဖြစ်လေသည်။

## ပါလက်စတိုင်းတို့၏ သေမထူးနေမထူး ဇာတ်လမ်းမှသည် ယွန်ကစ်ပူး နှစ်ငါးဆယ်ပြည့် တိုက်ခိုက်မှုသို့

ဂါဇာတွင် ဟားမားစ်အဖွဲ့ အနိုင်ရရှိခဲ့ပြီးနောက် အီရန်နိုင်ငံ၏ လျှို့ဝှက်ကူညီမှုဖြင့် အစ္စရေးလူနေမြို့ရွာများသို့ ဂါဇာမှ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ ထိုသို့ ဟားမားစ်တို့၏ တိုက်ခိုက်မှုပြုလုပ်တိုင်း အစ္စရေးတို့ကလည်း ဂါဇာနယ်မြေအတွင်းသို့ လေကြောင်းမှ ဗုံးကြဲခြင်း၊ အမြောက်သံချပ်ကာနှင့် ခြေလျင်တပ်များဖြင့် ဝင်ရောက်ချေမှုန်းခြင်းတို့ကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် Operation Cast Lead၊ ၂၀၁၂ ခုနှစ်တွင် Operation Pillar of Defense၊ ၂၀၁၄ ခုနှစ်တွင် Operation Protective Edge၊ ၂၀၂၁ ခုနှစ်မေလတွင် ၁၁ ရက်ကြာစစ်ပွဲ၊ ၂၀၂၂ ခုနှစ်တွင် သုံးရက်ကြာ ပဋိပက္ခနှင့် ၂၀၂၃ ခုနှစ် မေလတွင် Operation Shield and Arrow တို့ကို ပြုလုပ်ခဲ့ရာ အစ္စရေးတို့၏ ပြင်းထန်သောပစ်အားဒဏ်ကြောင့် ဂါဇာဒေသတွင် အကြီးအကျယ် သေကျေပျက်စီးမှုများ ဖြစ်ခဲ့သည့်အပြင် ပါလက်စတိုင်းတို့ကို အပြစ်ပေးသည့်အနေဖြင့် ရေဖြတ်၊ မီးဖြတ်၊ ဆီဖြတ်၊ အစ္စရေးနယ်မြေသို့ ဝင်ရောက်အလုပ်လုပ်ခွင့်ပိတ်ဆို့ စသည့် ဖြတ်တောက်ပိတ်ဆို့မှုများကြောင့် ဂါဇာဒေသရှိ ပါလက်စတိုင်းများမှာ ဒုက္ခပေါင်းစုံကို ခါးစည်း၍ ခံခဲ့ကြရသည်။ ယင်းအတွက် အလွန်ခါးသီးသော နာကြည်းခံစားမှုများက အစ္စရေးအပေါ် အခဲမကျေနိုင်သော မုန်းတီးမှုနှင့် သေမထူးနေမထူးစိတ်များဖြင့် မိုက်မိုက်ကန်းကန်း အကြမ်းဖက်တိုက်ခိုက်လိုသည့်လမ်းကြောင်းပေါ်သို့ တွန်းတင်ပေးလိုက်သကဲ့သို့ ဖြစ်သွားခဲ့လေသည်။

၂၀၀၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန်၏ တွန်းအားပေးမှုကြောင့် အစ္စရေးအစိုးရများက အနောက်ဘက်ကမ်းရှိ သဘောထားပျော့ပျောင်းသော ပါလက်စတိုင်းအာဏာပိုင်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အခါအားလျော်စွာ ပြုလုပ်ခဲ့သော်လည်း နှစ်ဖက်ယုံကြည်မှုကို မတည်ဆောက်နိုင်ခဲ့သဖြင့် မအောင်မြင်ခဲ့ပေ။

၂၀၀၉ ခုနှစ် နောက်ပိုင်းတွင် စဉ်ဆက်မပြတ်အာဏာရရှိလာခဲ့သည့် လီကွဒ်ပါတီမှ သဘောထားပြင်းထန်သော ဝန်ကြီးချုပ် နေတန်ယာဟုသည် ဂါဇာဒေသမှ ဟားမားစ်တို့၏ တိုက်ခိုက်မှုများကို တန်ပြန်တိုက်ခိုက်မှုများဖြင့် “ဓား-ဓားချင်း၊ လှံ-လှံချင်း” တုံ့ပြန်ထိန်းချုပ်ထားပြီး သဘောထားပျော့ပျောင်းသည့် ဖာတာအဖွဲ့အုပ်ချုပ်သော အနောက်ဘက်ကမ်းဒေသကိုမူ ဂျူးအခြေချ နေထိုင်မှုများ ပိုမိုချဲ့ထွင်ဆောင်ရွက်၍ အစ္စရေးထိန်းချုပ်နယ်မြေ ပိုမိုကျယ်ပြန့်လာစေခဲ့သည်။ ပါလက်စတိုင်းတို့က နိုင်ငံထူထောင်လျှင် မြို့တော်အဖြစ် သတ်မှတ်ရန် ရည်စူးထားသည့် အရှေ့ဂျေရုဆလင်၌လည်း ဒေသခံပါလက်စတိုင်းတို့၏ အိမ်ခြံမြေများကို ဂျူးများက ငွေကြေးမတန်တဆပေး၍ ဝယ်ယူခြင်းဖြင့် ဂျူးလူနေအိမ်ခြေများ တိုးချဲ့လာခဲ့ကြသည်။ **(အစ္စရေးက ဂျေရုဆလင်တစ်မြို့လုံးကို နိုင်ငံမြို့တော်အဖြစ် တရားဝင်ကြေညာထားပြီး အမေရိကန်နိုင်ငံက သမ္မတထရမ့်လက်ထက်တွင် အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ စတီသဘောအရွှေ့ပြကာ အစ္စရေး၏ကြေညာချက်ကို အားပေးထောက်ခံခဲ့သည်။)** *(ဆက်လက်ဖော်ပြပါမည်)*

# တောင်ကြီးမြို့၌ ရေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာနှင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၁**

ရေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားရာ ရရှိလာမည့်ရန်ပုံငွေများနှင့်အလှူငွေများ၊ ပစ္စည်းများကို ရသင့်ရထိုက်သည့်နေရာများကို ရောက်ရှိစေရေးနှင့် နဂိုမူလအခြေအနေများအတိုင်း လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်လာစေရေး၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ရေရရှိရေးလုပ်ငန်းများ ပုံမှန်အခြေအနေ ရောက်ရှိစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားမည်ဖြစ်ပြီး ငွေအား၊ လူအားဖြင့် ပူးပေါင်းပါဝင်ကူညီပေးကြသူများအားလုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား၊ ဘေးဒဏ်ခံစားရသူများကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အဆိုပါ လှူဒါန်းပွဲတွင် ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ ပါဝင်လှူဒါန်းမှုမှာ ငွေကျပ် ၁၇၈၁၅၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း







**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများ ကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြောင်းမြမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မြောင်းမြ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်မှုများကို ယနေ့နံနက် ၈ နာရီကခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်မှုများကို မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသောင်းထိုက်ဦးစီး၍တပ်ဖွဲ့ဝင်များ၊သတင်းတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၇၇ ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့များက အမှိုက်သိမ်းကားများဖြင့် အမှိုက်များသယ်ယူ၍ စနစ်တကျစွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

# ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးမှ အလှူငွေပေးအပ်ပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၁**

ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ အလှူရှင်များ၏ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးတို့က တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်ပြည်သူများ၏ လှူဒါန်းငွေများကို လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဒွေးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ပစ္စည်းနှင့် ငွေသားတန်ဖိုးစုစုပေါင်း ၈၀၇၄၄၈၆၇၆ ကျပ် ရရှိကြောင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများထံသို့ အမြန်ဆုံး ရောက်ရှိစေရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ကလောမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းတို့၌ တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂၁**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသို့ ရောက်ရှိပြီး ရုံးရေနစ်မြုပ်ပျက်စီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ပြုပြင်ဆောင်ရွက်ရေး ကိစ္စများ မှာကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ထို့နောက် ရုံးအတွင်း ရေဝင်မှုကြောင့်တင်ကျန်ရစ်သော နုန်းမြေများ၊ အမှိုက်သရိုက်များ ရှင်းလင်းပေးနေသည့် နယ်မြေခံတပ်မတော်သားများ၊ လူမှုအဖွဲ့အစည်းများ၊ ကျေးရွာ ရပ်ကွက်များမှ စေတနာရှင် လုပ်အားပေးအဖွဲ့များအား တွေ့ဆုံ၍ ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ဝန်ထမ်းများအား တွေ့ဆုံအားပေး၍ ဆက်လက်ဆောင်ရွက်ရန်များ မှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နယ်မြေခံတပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ မြို့မ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကာ ရေဘေးသင့် မိသားစုများအား တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်

**ကလော စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရေနစ်မြုပ်ခဲ့ရာ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းမှစ၍ အဆိုပါစာသင်ကျောင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။



စာသင်ကျောင်း ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို ကလောတပ်နယ်မှူး၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အတန်းပညာရေးကြိုးစားသင်ယူကြရန်နှင့် ကျောင်းပုံမှန်တက်ကြရန်မှာကြား၍ အားပေးစကား ပြောကြားခဲ့ကြသည်။

**သန့်ရှင်းရေးဆောင်ရွက်**

ရေနစ်မြုပ်ခဲ့သည့် အဆိုပါကျောင်းကို စက်တင်ဘာ ၁၃ ရက်တွင်ရေများပြန်လည်ကျဆင်းသွားသည့်အတွက် စာသင်ကျောင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကလောတပ်နယ်မှူး၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများဦးဆောင်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာနေ ဒေသခံပြည်သူများ ပူးပေါင်း၍ စာသင်ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် စက်ယန္တရားများနှင့် စုပေါင်းလူအင်အားတို့ဖြင့် ရွှံ့နွံအမှိုက်များ ဆယ်ယူခြင်း၊ စာသင်ခန်းများ၊ စာသင်ခုံများ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ စာသင်ခန်းများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ပေးခြင်း၊ မိလ္လာများ သန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

နှစ်(၆၀)ပြည့်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ပင်းတယမြို့နယ် ရွာငယ်ဘုန်းတော်ကြီးကျောင်း ပတ်ဝန်းကျင်တွင် ဒေသရဲကွပ်ကဲရေးမှူးအဖွဲ့မှူး ဒုတိယရဲမှူးကြီး နေလင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူးအေးမင်းနှင့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့နှင့် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ပင်းတယ(ပြန်/ဆက်)



---

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်ဝင်း ဦးဆောင်၍ ကလေးခရိုင်နှင့် မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၅)မူးယစ်တပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များမှ အရာရှိ ၃၅ ဦး၊ အခြားအဆင့် ၃၂ ဦးနှင့် မိသားစုဝင် ၁၉ ဦး စုစုပေါင်း ၈၆ ဦးက စက်တင်ဘာ ၂၁ ရက်တွင် ကလေးမြို့ အောင်မြေမာန်ရပ်ကွက် ဒီပင်္ကရာ ဘုန်းတော်ကြီးကျောင်း၌ ပေါင်းမြက်ချုံနွယ်များရှင်းလင်း၍ စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

### က

က ၏ အနက်မှာ “ပေါင်းစည်းခြင်း”ဖြစ်သည်။ “ပေါင်းစည်း” ဟု ဆိုသဖြင့် ထိ၊ မိ၊ ဆက်၊ စပ်၊ ယှဉ်၊ တွဲ စသည့် အနက်များဖြစ်သည်။ ထိုအနက်များကိုအခြေပြု၍ အဓိပ္ပာယ်များ ဆင့်ပွားဖြစ်ထွန်းလာရပေသည်။ ပေါင်းစည်းခြင်း၊ ထိမိခြင်းသည် လှုပ်ရှားခြင်းကိုလည်း ဖြစ်စေသဖြင့် လှုပ်ရှားသည့်အဓိပ္ပာယ်လည်း ဆင့်ပွားဖြစ်ထွန်းလာသည်။ မြန်မာအဘိဓာန်တွင် က ၏အဓိပ္ပာယ်ကို အကျယ်တဝင့် ဖော်ပြထားသည်-

**က**၁၊ ကြိ-၁၊ လှည်း၊ ရထား စသည်တို့၌ ကျွဲ၊ နွား၊ မြင်းတို့ကိုတပ်သည်။ ၂၊ ဆင်၊ မြင်းတို့ကို ကကြိုးတန်ဆာ တပ်ဆင်သည်။ (ယှဉ်တွဲသည့်အနက်၊ တပ်ဆင်သည့်အနက်ပင်ဖြစ်သည်။ လှည်းကသည်၊ နွားကသည်ဆိုရာတွင် လှည်းနှင့်နွားကို ယှဉ်တွဲခြင်းပင်ဖြစ်သည်။ ပါဠိဘာသာဖြင့် ယောဇေတိကို ယှဉ်စေ၏၊ ကစေ၏၊ ထမ်းပိုးတင်၏ စသည်ဖြင့် အဓိပ္ပာယ်ပြန်ဆိုကြသည်။

က = ကပ်၊ တပ်၊ ယှဉ်)

**က**၂၊ ကြိ- မပိုမသာဖြစ်သည်။ (မ နှင့်တွဲ၍ ပိုသာသည့်အနက်ဖြင့် အသုံးများသည်။) က ၏ အနက်ရင်းမှာ ထိမိ၊ ဆက်စပ်၊ ယှဉ်တွဲ၊ ပေါင်းစည်း ဖြစ်သဖြင့် ညီမျှသောသဘောပင်ဖြစ်သည်။ မပိုမသာသော သဘောဖြစ်သည်။ ကာသည်ဟု ဆိုလျှင်လည်း မပိုမသာသည့်သဘော၊ ညီမျှသော သဘောပင်ဖြစ်သည်။

**က**၃၊ ကြိ- ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ရှုချင့်စဖွယ် ညွတ်ကွေးလှုပ်ရှားပြသည်။ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်၏ အဓိကသဘောမှာ လှုပ်ရှားသည်ပင်ဖြစ်သည်။ လှုပ်ရှားခြင်းမှာ ထိမိခြင်းကို အခြေခံသည်။ တစ်ခုနှင့်တစ်ခုအရှိန်ဖြင့် ကြာရှည်ထိမိနေလျှင် လှုပ်ရှားမှုဖြစ်ပေါ်သည်။ လှုပ်ရှားခြင်း၏ အခြေခံမှာ ထိမိခြင်းဖြစ်သည်။ လှုပ်ရှားခြင်းဟူသည်တွင် ညွတ်ကွေးမှု ဆန့်တန်းမှု ပါဝင်သည်။

**က**၄၊ ဝိ- ပြုသူ၊ ဖြစ်သူကို ညွှန်ပြသောစကားလုံး။ ကတ္တားဝိဘတ်ဟုခေါ်သည်။

**သာဓက။** ။ ဆရာက ပြောသည်။ တပည့်က နားထောင်သည်- တို့တွင် ဆရာနှင့်ပြောခြင်းကို က - က ဆက်စပ်ပေးသည်။ တပည့်က နားထောင်သည်တွင် တပည့်နှင့် နားထောင်ခြင်းကို က - က ဆက်စပ်ပေးသည်။ တစ်နည်းအားဖြင့် ပြောသူမှာ ဆရာဖြစ်ကြောင်း က - က ဆက်စပ်ဖော်ပြ၍ နားထောင်သူမှာ တပည့်ဖြစ်ကြောင်း က - က ဆက်စပ်ဖော်ပြပေးသည်။

**က**၅၊ ဝိ- ထွက်ခွာရာအရပ်ကို ပြသောစကားလုံး။ ထွက်ခွာရာပြဝိဘတ်ဟုခေါ်သည်။ အပြောစကားတွင် က ကို သုံးသည်။ အရေးစကားတွင် ထွက်ခွာရာပြဝိဘတ် **မှ** ကိုသုံးသည်။

**သာဓက။** ။ မန္တလေး**က** လာတယ်/သည်။ မန္တလေး**မှ** လာသည်။

ထွက်ခွာရာအရပ်သည် မန္တလေးဖြစ်ကြောင်း က - က ဆက်စပ်ဖော်ပြပေးသည်။ ထွက်ခွာရာအရပ်သည် မန္တလေး၊ မန္တလေးမှာ ရှိနေရာမှ ထွက်ခွာခြင်းဖြစ်ကြောင်း က - က ဆက်စပ်ညွှန်ပြသည်။ မှ ကို ထွက်ခွာရာပြဝိဘတ်အဖြစ် သုံးသည့်သဘောသည်လည်း “မှာရှိသည်” သဘောကိုပင် ဖော်ညွှန်းခြင်းဖြစ်သည်။

**က**၆၊ ဝိ- ဖြစ်ရာ၊ ရှိရာ အရပ်ကို ဖော်ပြသော စကားလုံး။ နေရာပြဝိဘတ်ဟုခေါ်သည်။

**သာဓက။** ။ တောင်ငူ**က** ကွမ်းသီး။ စားပွဲပေါ်**က** စာအုပ်။

ဤတွင် ကွမ်းသီးသည် တောင်ငူမှာဖြစ်သော ကွမ်းသီး၊ စာအုပ်သည် စားပွဲပေါ်မှာရှိသော စာအုပ်ဟုဆိုလိုသည်။ ကွမ်းသီးဖြစ်ရာအရပ်သည် တောင်ငူဖြစ်ကြောင်း၊ စာအုပ်ရှိရာအရပ်သည် စားပွဲဖြစ်ကြောင်း က - က ဆက်စပ်ဖော်ညွှန်းပေးသည်။

**က**၇၊ သမ်- အကြောင်းအရာတစ်ခုသည် အခြားအကြောင်းအရာတစ်ခုပေါ်တွင် မှီ၍သာလျှင် ဖြစ်မည့်အကြောင်း ဆက်စပ်ညွှန်ပြသော စကားလုံး။ **လျှင်** နှင့် အသုံးတူသည်။

**သာဓက။** ။ သူလာ**က** ငါသွားမည်။ ကြိုးစား**က** အောင်မြင်မည်။

ငါသွားခြင်းသည် သူလာခြင်းနှင့် ဆက်စပ်နေကြောင်း က - က ဖော်ညွှန်းသည်။ ထို့အတူ အောင်မြင်ခြင်းသည် ကြိုးစားမှုနှင့် ဆက်စပ်နေကြောင်း က-က ဖော်ညွှန်းသည်။ **က** တွင် ဆက်စပ်နက်ရှိကြောင်း သိရသည်။ သူလာ**လျှင်** ငါသွားမည်။ ကြိုးစား**လျှင်** အောင်မြင်မည်ဟုလည်း သုံးနိုင်သည်။

**က** သည် က၊ ကာ၊ ကား ဟူသော တက်ကျသံ သုံးပါးတွင် သက်သံဖြစ်ပါသည်။ ကက်၊ ကတ်၊ ကပ် သည် **က** ၏ တိုင်သံဖြစ်သဖြင့် **က**၏ အနက်နှင့် ကက်၊ ကတ်၊ ကပ် တို့၏အနက် ဆက်စပ်နီးနွယ်ပါသည်။ **က** ၏ အနက်သည် ကက် ၏ အနက်၊ ကတ်၏အနက်၊ ကပ်၏အနက် တို့နှင့် ဆက်စပ်နီးနွယ် ဖလှယ်ကြံဆတူမျှသည်ဟု ဆိုလိုပါသည်။

ကက်သည်တစ်ခုနှင့်တစ်ခု ပူးတွဲဆက်စပ်သည့် အနက်ဖြစ်သဖြင့် **က**နှင့်အနက်ရင်းတူပါသည်။

**ကက်**၏အဓိပ္ပာယ်ကိုမြန်မာအဘိဓာန်တွင် “န-၁၊ အဖြူအနီပွင့်များပါသော သစ်သားပြားငယ် ဖဲချပ်။ ၂။ စပါး ၆၄ တင်းဝင်သော ပုတ်ကြီး။ ယင်း၏ချင့်ဝန်။” ဟု ဖွင့်ထားပါသည်။ ဤတွင် ကက်ဖဲဆိုသည်မှာ ကက်ဖဲ ၆၄ ချပ်ကို ပူးတွဲဆက်စပ်ကစားရသော ဖဲဖြစ်သည်။ ထို ပုတ်ကက်ကျီကြမှ ကက်မှာ စပါး ၆၄ တင်း ပေါင်းရုံးသိုလှောင်ရသော ပုတ်ကြီးဖြစ်ပါသည်။ လှည်းတွင် ကက်အိမ် ဟူသော အစိတ်အပိုင်းလည်း ရှိပါသေးသည်။ ကက်အိမ်သည် လှည်းတွင် ပစ္စည်းတင်ရန်၊ လူစီးရန်နေရာဖြစ်သည်။ လှည်းရှေ့ပိုင်းရှိ လှည်းဆောင်ပန်းနှင့် ချိတ်ဆက်ပူးတွဲထားသော လှည်း အစိတ်အပိုင်း ဖြစ်သည်။ **က** ၏ အနက်ဖြစ်သော ပေါင်းစည်းခြင်း အနက်ကိုပင် အခြေခံသည်။ ကင်၊ ကင်းတို့၏ အနက်ရင်းများနှင့်လည်း ဆက်စပ်နိုင်ပါသည်။

**ကတ်** ၏ အနက်လည်း ပေါင်းစည်းထိမိ ဆက်စပ်အနက်ကိုပင် အခြေခံပါသည်။ ကတ်၏အနက်မှာ ထိုးကော်သည့်သဘော၊ ကန့်ထုတ်ကော်ထုတ်သည့်သဘောဖြစ်သည်။ ထိမိကန်ထုတ်သည့်သဘောဖြစ်သည်။ ကတ် သည် ထိမိသော်လည်း အမြဲအစွဲ ထိနေခြင်းမျိုးမဟုတ်ဘဲ အခိုက်အတန့်မျှ ထိမိခြင်းဖြစ်သည်။ **ကပ်** ၏ အနက်လည်း ထိမိ၊ ထိဆက်ဖြစ်သည်။ ကော်ဖြင့်ကပ်သည်၊ ပူးကပ်သည်၊ ကပ်စေးနဲ၊ ဆည်းကပ်၊ ကပ်ငြိ စသည်တို့မှ ကပ်၏အနက်သည် ထင်ရှားသော သာဓကဖြစ်သည်။ ကပ်၏အနက်မှာ အစွဲအမြဲ ထိမိဆက်စပ်သည့် သဘောဖြစ်သည်။

### ခ

**ခ** ၏ အနက်လည်း ‘ပေါင်းစည်း’ ပင်ဖြစ်သည်။ ထိမိသည်၊ ဆက်စပ်သည်၊ ယှဉ်တွဲသည်ဟူသော အဓိပ္ပာယ်များကိုလည်း ဟောပြသဖြင့် ပေါင်းစည်းဟူသောအနက် ပို၍ထင်ရှားသည်။

**ခ** ၁၊ ကြိ- ရောက်လာထိခိုက်သည်။

**သာဓက။** ။ မြား**ခ**သည်။ ထီးတော်မြေ**ခ**သည်။ ဘေးမသီရန်မ**ခ**။ ထိမိသည့်အနက်၊ ပေါင်းစည်းသည့်အနက်ဖြစ်သည်။

**ခ**၂၊ ကြိ- ခယသည်။ လူတစ်ဦးတစ်ယောက်သည် အကျိုးတစ်စုံတစ်ရာကို မျှော်ကိုး၍ အခြားသူတစ်ဦးဦးကို ချဉ်းကပ်သည်ကို ခယသည်ဟု ဆိုလိုသည်။ ကပ်သည့်အနက်ပင်ဖြစ်သည်။

**ခ**၃၊ ကြိ- ခစားသည်။ လူတစ်ဦးသည် လူတစ်ဦးကို ကပ်မှီလျက်မကွာမကွေနေသည့် အနက်ဖြစ်သည်။ **ခ** ကို တည်လျက် **ခ**ညောင်းသည်၊ **ခ**ညွတ်သည်၊ **ခ**စားသည်၊ **ခ**ယသည်၊ **ခ**ယမ်းသည် စသည့် ဝေါဟာရများပွားသည်။

အဖိုးအ**ခ**၊ လ**ခ**၊ လက်**ခ**၊ လုပ်**ခ**၊ သယ်ခပိုး**ခ**၊ ခြေကြွ**ခ** စသည်တို့မှ **ခ** ၏အနက်များကို စိစစ်လေ့လာပါက **ခ** ၏ အနက်ပို၍ ပေါ်လွင်ထင်ရှားပါလိမ့်မည်။

**ခ**သည် ခ၊ ခါ၊ ခါး ဟူသော တက်ကျသံ သုံးပါးတွင် သက်သံဖြစ်သည်။ **ခ** နှင့် အနက်ဆက်နွယ်သည့် တိုင်သံမှာ ခက်ဖြစ်သည်။ ခင်၊ ခင်း တို့၏ အနက်များနှင့် ဆက်နွယ်ပါသည်။ **ခ** ၏ အနက်ကို ခက်၊ ခတ်၊ ခပ် တို့၏အနက်များနှင့် ဆက်နွယ်ဖော်ထုတ်လျှင် အနက်ရင်း ပေါ်လွင်လာပါလိမ့်မည်။ **ခ** ၏ အနက်နှင့် ခက်၊ ခတ်၊ ခပ် တို့၏ အနက်များတူညီကြပါသည်။

**ခက်**၏ အနက်မှာ သိုင်းယှက်ထိန်းဖွဲ့သည့် အနက်ဖြစ်သည်၊ ချည်နှောင်သည့် သဘောဖြစ်သည်။ ထိမိ၊ ဆက်စပ်၊ ပေါင်းစည်းနက်ပင်ဖြစ်သည်။ ခက်ခဲသည်ဆိုသည် ချည်နှောင်ရစ်ပတ် ဖွဲ့စည်းထားသဖြင့် ဖြေရန်ရှင်းရန် မလွယ်သည့်အနက်ဖြစ်သည်။ ထိမိဆက်စပ်သည့်သဘောကို ပန်း**ခက်**၊ သစ်**ခက်**တို့တွင် တွေ့မြင်သိရှိနိုင်ပါသည်။ အ**ခက်**အလက်၊ သစ်**ခက်**သစ်လက် စသည်ဖြင့် သုံးနှုန်းကြသည်။

ထိမိသောအနက်၊ ပေါင်းစည်းမိသောအနက်များကို ရိုက်**ခတ်**သည်၊ ပုတ်**ခတ်**သည်၊ တီး**ခတ်**သည်၊ ထု**ခတ်**သည်၊ အပြား**ခတ်**သည်၊ မောင်း**ခတ်**သည်၊ တံဆိပ်**ခတ်**သည်၊ ခြင်း**ခတ်**သည်၊ ကျွဲ**ခတ်**သည်၊ ဆား**ခတ်**သည်၊ မျက်စဉ်း**ခတ်**သည်၊ သော့**ခတ်**သည်၊ ခြံ**ခတ်**သည်၊ အကဲ**ခတ်**သည် စသည်တို့မှ **ခတ်** ၏အနက်များတွင် တွေ့ရပါသည်။

**ခပ်** ၏ အနက်သည်လည်း ထိမိ၊ ပေါက်ရောက်၊ ပေါင်းစည်းပင်ဖြစ်သည်။ ကူး**ခပ်**သည်၊ ထုတ်ချင်း**ခပ်**သည်၊ အဖိုးသိန်း**ခပ်**သည် စသည်တို့တွင်ပါသော **ခပ်** တွင် **ခပ်** ၏ အနက်ပေါ်လွင်သည်။ **ခပ်**ယူသည့်သဘော၊ ရောက်ရှိသည့်သဘောဖြစ်သည်။ **ခတ်** ၏အနက်နှင့် **ခပ်** ၏အနက်တို့သည် ထိမိပေါင်းစည်းသည့် အနက်ချည်းဖြစ်သော်လည်း **ခတ်**၏ အနက် ထိမိပေါင်းစည်းသည်မှာ ယာယီသဘောထိမိပေါင်းစည်းခြင်းဖြစ်၍ **ခပ်** ၏အနက် ပေါင်းစည်းထိမိခြင်းမှာ အတည်အတံ့ စွဲစွဲမြဲမြဲ ဆက်စပ်ထိမိ ပေါင်းစည်းခြင်းဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးလွင်၊ လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်သန်းနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး စောသိန်း ဦးစီး တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၁ ရက်တွင် အမှတ် (၈) ရပ်ကွက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စိန်ဂျွန်းကျောင်းဝင်း အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်ဆန်းမြင့်

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဆန်းဝင်း၊ ဦးစီး (ပ) (ဦး/ရေး/ထောက်) ဒုရဲမှူးကြီးထွန်းရွှေတို့ဦးစီး၍ တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့နှင့် လက်ရုံးတပ်ဖွဲ့များပါဝင်သော တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများ စက်တင်ဘာ ၂၁ ရက်တွင် ပုသိမ်မြို့ (၃) ရပ်ကွက် စက်တော်ရာ ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများနှင့် အပင်များ ခုတ်ထွင်ရှင်းလင်းခြင်းဆောင်ရွက်စဉ်။ ပုသိမ်လှကြည်





နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကံပို ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက်တွင် အောင်သုခပရိယတ္တိစာသင်တိုက် ကျောင်းပရိဝုဏ် အတွင်း အမှိုက်သရိုက်နှင့် ချုံနွယ်များရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ မြက်ပင်များရှင်းလင်းပေးခြင်းတို့ကို ဆောင်ရွက်ကြစဉ်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

# အာဖရိကတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူပေါင်း ၂၉၁၅၂ ဦးရှိ

**ကင်ရှာဆာ စက်တင်ဘာ ၂၁**

၂၀၂၄ ခုနှစ်အစောပိုင်းမှစပြီး လက်ရှိအချိန်အထိ အာဖရိကတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူပေါင်း ၂၉၁၅၂ ဦးရှိကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။

ဒေသတွင်း၌ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း မျောက်ကျောက်ရောဂါ ကူးစက်မှု ၂၉၁၂ ဦးစစ်ဆေးတွေ့ရှိပြီး ယင်းတို့အနက် အတည်ပြုလူနာ ၃၇၄ ဦးနှင့် သေဆုံးသူ ၁၄ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ ညွှန်ကြားရေးမှူးချုပ် ဂျီးကာဆီယာက နိုင်ငံပေါင်းစုံ မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုဆိုင်ရာ အထူးအွန်လိုင်းမီဒီယာ ရှင်းလင်းပွဲ၌ ပြောကြားသည်။

ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၁၅၂ ဦးစစ်ဆေးတွေ့ရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။



မျောက်ကျောက်ရောဂါ ကူးစက်မှု၏ အဓိကအကြောင်းအရင်းသည် နယ်စပ်ဖြတ်ကျော်သွားလာမှု၊ အာဟာရချို့တဲ့မှုနှင့် ဘေးကင်းလုံခြုံမှုမရှိသော လိင်ဆက်ဆံမှုတို့ကြောင့် ဖြစ်ကြောင်း ၎င်းက ပြောသည်။

အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာသည် အာဖရိကတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကို ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ဩဂုတ်လလယ်တွင် ကြေညာခဲ့သည်။

အလားတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါ ကူးစက်မှုကို နိုင်ငံတကာ စိုးရိမ်စရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီး မျောက်ကျောက်ရောဂါဆိုင်ရာ ကမ္ဘာ့အဆင့်အမြင့်ဆုံး သတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်းပြီး မျောက်ကျောက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ ခြောက်လတာစီမံချက် ရသုံးမှန်းခြေစာရင်း၏ အမေရိကန်ဒေါ်လာ သန်း ၆၀၀ အနက် ၅၅ ရာခိုင်နှုန်းကို မျောက်ကျောက်ရောဂါ ကာကွယ်တားဆီးရေး အတွက် သုံးစွဲသွားမည်ဖြစ်ပြီး ကျန် ၄၅ ရာခိုင်နှုန်းကို မိတ်ဖက်အဖွဲ့အစည်းများမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများအတွက် သုံးစွဲရန် လျာထားကြောင်း သိရသည်။

မျောက်ကျောက် ရောဂါကို ၁၉၅၈ ခုနှစ်တွင် ဓာတ်ခွဲခန်းမျောက်များတွင် ပထမဆုံးတွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း ဟစ်ဇ်ဘိုလာ အကြီးတန်းတပ်မှူး သေဆုံး

**ဘေရွတ် စက်တင်ဘာ ၂၁**

လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်၌ ယမန်နေ့က အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့၏ အကြီးတန်းတပ်မှူးတစ်ဦး သေဆုံးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

**ထိခိုက်ဒဏ်ရာရ**

ယင်းလေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၂ ဦးသေဆုံးပြီး ၆၆ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန် ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။ သေဆုံးသူများအနက် ကလေးငယ်များ ပါဝင်ကြောင်း ပြည်တွင်းမီဒီယာက သတင်းဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့သည် လွန်ခဲ့သောလမှစတင်ပြီး အပြန်အလှန်တိုက်ခိုက်မှုများ ဆင်နွှဲလျက်ရှိသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် ယနေ့အစောပိုင်းတွင် ဒုံးပျံ ၁၅၀ ခန့်ကို အစ္စရေးသို့ ပစ်ခတ်ခဲ့ပြီး အဆောက်အအုံများနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးစေခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဆိုသည်။

**ကတိပြုပြောကြား**

လက်ဘနွန်နိုင်ငံ၌ စက်တင်ဘာ ၁၇ နှင့် ၁၈ ရက်တို့တွင် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသော ဆက်သွယ်ရေးကိရိယာများ ပေါက်ကွဲမှုကြောင့် ၃၇ ဦး သေဆုံးပြီး ၃၀၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အစ္စရေးသည် ၎င်းတို့၏ တိုက်ခိုက်ရေးသမားများကို ပစ်မှတ်ထားလုပ်ဆောင်ခြင်းဖြစ်ကြောင်း စွပ်စွဲပြောကြားပြီး အဆိုပါလုပ်ရပ်များအတွက် ထိရောက်စွာ လက်တုံ့ပြန်မည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာခေါင်းဆောင်က ကတိပြုပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွား

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံ ဝါဂျီမာ၊ ဆူဇုနှင့် အီရှီကာဝါစီရင်စုတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည့်အတွက် ဂျပန်မိုးလေဝသအေဂျင်စီက အရေးပေါ်သတိပေးချက် ယနေ့ ထုတ်ပြန်ထားကြောင်း သိရသည်။

အရေးပေါ်သတိပေးချက် ငါးဆင့်မြောက်ဖြစ်သည့် အမြင့်ဆုံးသတိပေးချက်ကို အေဂျင်စီက ထုတ်ပြန်ခြင်းဖြစ်သည်။

အဆိုပါရေကြီးရေလျှံမှုများကြောင့် တစ်ဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ယင်းဒေသများရှိ မြစ် ၁၆ စင်းတွင် ကမ်းပါးများအထိ ရေပြည့်လျှံနေပြီး အိမ်ထောင်စု ၆၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်နေကြောင်း တာဝန်ရှိသူများက ပြောသည်။

ဂျပန်အစိုးရသည် ပျက်စီးဆုံးရှုံးမှုအဆင့်များကို လျင်မြန်စွာ အကဲဖြတ်ရန်နှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မှုများတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို စေလွှတ်ထားသည်။

ယာမာဂါတာဘူတာနှင့် ရှင်ဂျိဘူတာတို့အကြား ပြေးဆွဲလျက်ရှိသည့် ယာမာဂါတာရှင်ကန်ဆန် ကျည်ဆန်ရထားပြေးဆွဲမှုကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

ထို့ပြင် အီရှီကာဝါ၊ ယာမာဂါတာနှင့် နီဂါတာစီရင်စုများ၌ မြေပြိုမှုများဖြစ်ပေါ်နိုင်သည့်အတွက် သတိရှိစွာဖြင့် နေထိုင်ကြရန်နှင့် မိုးလေဝသဆိုင်ရာ နောက်ဆုံးသတင်းအချက်အလက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ရန် ပြည်သူများအား အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ပီရူးနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၁၈ ဦး ရှိလာ

**လီမာ စက်တင်ဘာ ၂၁**

ပီရူးနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၁၈ ဦး ရှိလာကြောင်း အမျိုးသားကာကွယ်ရေး အင်စတီကျူက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

**ပြောကြား**

ယင်းမီးလောင်ကျွမ်းမှုကြောင့် လူ ၁၆၅ ဦး ဒဏ်ရာရခဲ့ပြီး ကောက်ပဲသီးနှံဟက်တာ ၂၀၀၀ ခန့် ထိခိုက်ခဲ့ကြောင်း အမျိုးသားအရပ်ဘက်ကာကွယ်ရေးအင်စတီကျူက ပြောကြားခဲ့သည်။

ပီရူးနိုင်ငံအစိုးရသည် အဆိုပါပြင်းထန်သောမီးလောင်ကျွမ်းမှုကြောင့် အာမာဆိုနက်စ်၊ ဆန်မာတင်နှင့် အူကာယာလီဒေသများတွင် စက်တင်ဘာ ၁၈ ရက်ကတည်းက အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ပီရူးနိုင်ငံ၏ နယ်မြေ ၆၀ ရာခိုင်နှုန်းနီးပါးသည် အပူပိုင်းသစ်တောများဖြင့် ဖုံးလွှမ်းထားကြောင်းလည်း ကုလသမဂ္ဂ၏ အချက်အလက်များအရ သိရသည်။

စိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် တောမီးရှို့ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုများကြောင့် ပီရူးနိုင်ငံအတွင်း၌ တောမီးလောင်ကျွမ်းမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိပြီး နယ်မြေဒေသအများ အပြားတွင် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသတွင်းဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေးနိုင်ငံများနှင့် ကုန်သွယ်မှုတန်ဖိုး ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း ၁၇ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့

**ဖနောင်ပင် စက်တင်ဘာ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသတွင်းဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေး နိုင်ငံများနှင့် ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်ပထမရှစ်လတွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉၂ ဘီလီယံအထိ ရှိလာခဲ့ပြီး ယမန်နှစ် အလားတူကာလက ဒေါ်လာ ၁၉ ဒသမ ၅၅ ဘီလီယံရှိခဲ့ခြင်းကြောင့် ၁၇ ဒသမ ၂ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း အကောက်ခွန်နှင့် ယစ်မျိုးဦးစီးဌာန၏ နောက်ဆုံး ထုတ်ပြန်သည့်အစီရင်ခံစာအရ သိရ သည်။

ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေး အဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယခုနှစ်ဇန်နဝါရီမှ ဩဂုတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏသည် ၆၂ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေး နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၅ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့ခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၆ ဘီလီယံမှ ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေးနိုင်ငံများ၏ သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိခဲ့ကာ ရာခိုင်နှုန်းအားဖြင့် ၁၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်ငါးနိုင်ငံမှာ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ ဂျပန်နှင့် စင်ကာပူတို့ဖြစ်ကြောင်းလည်း သိရသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေး အဖွဲ့အစည်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်သည့်အဖွဲ့အစည်းဖြစ်ကြောင်းလည်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြောရေးဆိုခွင့်ရှိသူဆိုဗီချိက ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၁

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ရှစ်လုံး အတွင်းမှ တရားဝင်စာရွက် စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၄၆၄၃၈) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ လူသုံးကုန်ပစ္စည်း တစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၄၈၃၅၆၉)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၃၀၀၀၇)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၉၉၂)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၈၇၉၉၂)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၇၉၇၂၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၈၇၉၇၂၂)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်နှစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၂၉၇၇၂၁)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လပွတ္တာမြို့နယ် လပွတ္တာလုပ်ချောင်းအတွင်းသို့ ရွှံ့ကဏန်းကောင်ရေ ကိုးထောင် စုပေါင်းမျိုးစိုက်ထည့်

လပွတ္တာ စက်တင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်အတွင်းရှိ ကဏန်းလုပ်ငန်းရှင်များ စုပေါင်း၍ ရွှံ့ကဏန်း မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လပွတ္တာမြို့ လပွတ္တာလုပ်ချောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကဏန်းလုပ်ငန်းရှင်များ၊ ကျေးရွာပြည်သူ့စစ်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်နှင့် ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ၊ ဒေသခံရေလုပ်သားများ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်၍ ရွှံ့ကဏန်းမျိုးစုံကောင်ရေ ကိုးထောင်ခန့်၊ အလေးချိန် ၄၅၀ (ကီလိုဂရမ်) ကို စုပေါင်းမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



**မူမူ**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်တွင် ရေကြည်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(မြို့မ)ကျောင်းဝင်းအတွင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကို၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ညွန့်အောင်တို့က ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။

မြို့နယ်(ပြန်/ဆက်)





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွေးလှိုင်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ထက်ထက်ဇော် ဦးဆောင်သောတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက်က အမှတ် (၅)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၇) လမ်းထောင့်ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၉-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သန့်ရှင်းလတ်ဆတ်သောအာဟာရဓာတ်ပေး ပဲလပွန့်လေး
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၈)
- ၀၉:၄၀ ပုဂံနှင့်ယွန်းထည်
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ 'ချစ်သူတို့ ရွာ' ကျေးလက်ရနံ့ တေးဂီတ ပျော်ပြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္တဝင်ရုပ်ရှင် 'အတွေ့' (မောင်သင်၊ အောင်လွင်၊ သီသီ၊ စံရှားတင်)
- ၁၆:၄၅ Sports Diary
- ၁၇:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၁၇:၄၅ နိုင်ငံဖွံ့ဖြိုးရေး သန်းခေါင်စာရင်းမှာ ပူးပေါင်းပါဝင်ပေး
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားက ချစ်လိပ်ပြာ' (အပိုင်း-၇)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'သက်ဝင်လှုပ်ရှားပုံရိပ်များနှင့် တေးအလှဆင်ခဲ့သူ' (အပိုင်း-၂) 'အောဝမ်းတင်တင်လှ'
- ၂၁:၂၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၄၀ ဆေးရောင်စုံရုပ်ရှင် 'ချောကလက်ဘောဘီ' (လွင်မိုး၊ နေတိုး၊ ကျော်ကျော်ဗိုလ်၊ မိုးဟေကို၊ အေးမြတ်သူ)

### mitv

- 07:01 Evergreen Classic: Thatta Htar Na (Sein Lei Lei)
- 07:10 Exploring Migratory Birds at Moe Yun Gyi Sanctuary
- 07:53 Myanmar Traditional Snacks: Shwe Hta Min
- 08:01 News
- 08:26 Global Updates: Mental health - How can you improve it
- 08:55 Census Enumeration for National Progress
- 09:01 The Largest Nunnery In Myanmar
- 09:22 Today Myanmar: Five Points Art Exhibition
- 09:32 Today Myanmar: Let's help youth read for brighter furture (Tamwe Township)
- 10:01 News
- 10:01 Topics Potpourri; Swiss Nursery Integrates Robot into Early Childhood Education

### MRTV NRC

- ဝ (၀၆:၀၀ မှ ၀၈:၀၀) ဝရိုးရာခေါ်ပုတ်ထောင်းနည်း
- ကချင် (၀၈:၀၀ မှ ၁၀:၀၀) ဒေသထွက်ကုန်ပြခန်း
- ကယား (၁၀:၀၀ မှ ၁၂:၀၀) ပျော်လင့်ခြင်းဖားစည်
- စကောကရင် (၁၂:၀၀ မှ ၁၃:၀၀) သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၂)
- အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀) ထီလာပုဂံ
- အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)
- ချင်း(လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀) ရင်သားကင်ဆာအကြောင်းသိကောင်းစရာ
- ချင်း(ဇိုး) (၁၆:၀၀ မှ ၁၇:၀၀) နှီးယှဉ်ဆုံးမစကား(စကားပုံများ)
- မွန် (၁၇:၀၀ မှ ၁၉:၀၀) ဆေးဖက်ဝင်ဗေဒါပင်
- ရခိုင် (၁၉:၀၀ မှ ၂၁:၀၀) ပင်လယ်ပျော်တို့နားခိုရာဆီ
- ရှမ်း (၂၁:၀၀ မှ ၂၃:၀၀) ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ (တိုင်းမောဝ်း၊ တိုင်းနေ၊ တိုင်းလျန်)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၂၀ News Desk
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ Football Highlights
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေရှုမောင်းအမွေ

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၂)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်မွေးကဏ္ဍမြှင့်တင်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ကျားလန်မပိုးတာတေတိုး(ဇာတ်လမ်း)
- ၂၂:၀၀ Back To Eden Gardening Documentary Film
- ၂၃:၄၅ Small Farm Rising Family Farm Chores

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၄၅ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Dagon Port FC Vs ISPE FC)

Scan Here
MRTV
MRTV
MRTV Radio
MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ပြည်သူအားလုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်

ဇာနည်ဘွား

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားသော လုပ်ငန်းစဉ်များတွင် မဖြစ်မနေအခြေခံအသုံးပြုရမည့် ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် အကြောင်းအရာများရရှိရန်အတွက် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လာမည့်အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်တည်းကောက်ယူတော့မည်ဖြစ်ရာ အချိန်အားဖြင့် ရက်သတ္တတစ်ပတ်ကျော်မျှသာ လိုတော့သည်။**



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး နည်းပြသင်တန်းဖွင့်လှစ်ရာ သင်တန်းသားများ ဩဂုတ်လ ၃၀ ရက်နေ့က လက်တွေ့ကွင်းဆင်းကောက်ယူစဉ်။

## နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်

သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် နိုင်ငံအတွင်းရှိ လူဦးရေ စုစုပေါင်းကိုသာ ဖော်ပြရုံမဟုတ်ဘဲ အသက်အပိုင်းအခြားအလိုက်၊ ကျား မအလိုက် လူဦးရေများကို ရရှိနိုင်သလို လူမှုစီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံးနှင့် သက်ဆိုင်သည့်အချက်အလက်များ၊ အိမ်အကြောင်းအရာများကိုလည်း ရရှိနိုင်မည်ဖြစ်၍ နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် မူဝါဒချမှတ်ခြင်းများ၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခြင်းများ စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရမည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်သည်။

သန်းခေါင်စာရင်းက ရရှိလာသည့်အချက်အလက်များသည် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု နယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲနိုင်ရန်နှင့် အထောက်အထား အခြေပြုဆုံးဖြတ်ချက်များချမှတ်ရာတွင် မရှိမဖြစ် လိုအပ်သည်။ နိုင်ငံ၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်းများ၊ ဘဏ္ဍာငွေခွဲဝေချမှတ်ခြင်းများ၊ နယ်မြေရေးယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်ခြင်းများကလည်း လူဦးရေပေါ်မှာပင် အခြေခံရ၍ ဖြစ်သည်။

ထို့အတူ သန်းခေါင်စာရင်းက နိုင်ငံ၏ ပကတိအခြေအနေ၊ နိုင်ငံအတွင်းနေထိုင်သူများ၏ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေကိုသာ ရရှိနိုင်ရုံသာမက ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကိုခွဲခြားသိရှိနိုင်မည်ဖြစ်၍ နေရာဒေသအလိုက် လိုအပ်သည့် အစီအမံများ ချမှတ်ရန် အခြေခံအရင်းအမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သလို လိုအပ်သည့် လုပ်သားအင်အားကိုလည်း ဖော်ထုတ်သိရှိနိုင်မည် ဖြစ်သည်။

အလားတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများ ကယ်ဆယ်ရေး၊ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းထောက်ပံ့မှု အစီအစဉ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအပြင် ပြင်ပစီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များကို လေ့လာဆန်းစစ်အသုံးပြုနိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် များစွာအသုံးဝင်ရုံမက အရေးကြီးလှသည်။

ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံမက ငွေကုန်ကြေးကျ များပြားမှုရှိသည့်ကြားက ကမ္ဘာ့နိုင်ငံအများစုမှာ ၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူလေ့ရှိသလို မှတ်ပုံတင်စာရင်းအင်းအချက်အလက်များ ပြည့်စုံသည့် ဖွံ့ဖြိုးပြီးနိုင်ငံများကလည်း သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူလေ့ရှိကြသည်။

## ရှေးမြန်မာမင်းများလက်ထက်မှစ၍ လူဦးရေစစ်တမ်းအဖြစ် ကောက်ယူ

မြန်မာနိုင်ငံတွင်လည်း ရှေးမြန်မာမင်းများလက်ထက်မှစ၍ လူဦးရေစစ်တမ်းအဖြစ် ကောက်ယူခဲ့ကြပြီး ကိုလိုနီခေတ်တွင် ဗြိတိသျှအစိုးရသည် တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ၁၈၇၂ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခဲ့ကြသည်။ မြန်မာပြည်ကို ဗြိတိသျှအစိုးရ၏ ပထမဆုံးအကြိမ် စနစ်တကျ ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းဖြစ်သည်။

ထိုစဉ်က ဗြိတိသျှတို့သိမ်းပိုက်ထားရှိသည့် မြန်မာပြည်၏ တစ်စိတ်တစ်ဒေသကို အိန္ဒိယအစိုးရ၏ ဘင်္ဂလားပြည်နယ်တိုင်းကြီးတစ်ခုအဖြစ် မဟာဝန်ရှင်တော်မင်းကြီးက အုပ်ချုပ်လျက်ရှိသောကြောင့် သန်းခေါင်စာရင်းကိုလည်း အိန္ဒိယအစိုးရ၏ ညွှန်ကြားချက်ကို ခံယူ၍ကောက်ရသည့်အပြင် အစီရင်ခံစာကိုလည်း အိန္ဒိယအစိုးရထံတွင် တင်သွင်းရလေသည်။ ထိုစဉ်က ဗြိတိသျှအစိုးရအုပ်ချုပ်လျက်ရှိသည့် ရခိုင်၊ ပဲခူး၊ တနင်္သာရီတိုင်းများအတွင်းရှိ ခရိုင်အလိုက်ကောက်ယူရရှိသည့် လူဦးရေစာရင်းမှာ ၂၇၄၇၁၄၈ ဦးရှိကြောင်း မှတ်တမ်းများအရ သိရသည်။

မူလက ထိုသန်းခေါင်စာရင်းကို ၁၈၇၁ ခုနှစ် နိုဝင်ဘာလတွင် ကောက်ယူရန် စီစဉ်ခဲ့သော်လည်း ကျေးရွာလူထုအိမ်မြဲတတ်သည့် ဇွန်နှင့် ဇူလိုင်လအတွင်း ကောက်ယူသင့်ကြောင်း ခရိုင်အရာရှိများ၏ တင်ပြချက်များအရ ၁၈၇၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ကို မြန်မာပြည် ဗြိတိသျှအုပ်ချုပ်ထားသော နယ်မြေအတွင်း သန်းခေါင်စာရင်းကောက်ယူရန် နေ့အဖြစ် သတ်မှတ်ခဲ့လေသည်။

## သက်ဆိုင်ရာဝန်ထမ်းများက ကူညီ

စာရင်းကောက်ရာတွင် သာမန်အားဖြင့် အခွန်ဘက်ဆိုင်ရာဝန်ထမ်းများနှင့် ပုလိပ်ဘက်မှ ပုဂ္ဂိုလ်များကို အသုံးပြုသည်။ ပင်လယ်ဆိပ်ကမ်းများတွင် ရေကြောင်းဌာနမှဝန်ထမ်းများ၊ စစ်တပ်နယ်မြေများတွင် တပ်မှအရာရှိ၊ အရာခံများနှင့် ထောင် အစရှိသည့် ထူးခြားသောနေရာများတွင် သက်ဆိုင်ရာဝန်ထမ်းများက ကူညီကြလေသည်။

သာမန်အားဖြင့် မြို့ပေါ်တွင် စာရင်းကောက်ယူရသည်မှာ အလွယ်ဆုံးဖြစ်သည်ဟု ဆိုသော်လည်း ရန်ကုန်မြို့တွင် ရည်မှန်းထားသလို ပြီးပြတ်မှုမရှိခဲ့ဟုဆိုသည်။ မြို့တော်ဆိုင်ရာ တရားသူကြီးက အချို့သောတန်းလျားများတွင် အလုပ်သမားများသည် တာဝန်ကျ ပုလိပ်အဖွဲ့က တံခါးဖွင့်၍ မီးခွက်များ ယူလာရန် အမိန့်ပေးသော်လည်း အမိန့်ကို မလိုက်နာဘဲ အိပ်ချင်ယောင်ဆောင်နေကြသည်ကို တွေ့နေရသောကြောင့်ဥပဒေအရဆောင်ရွက်နိုင်ရေးအတွက် အာဏာအပြည့်အဝ အပ်နှင်းရန်လိုကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ထို့နောက် ၁၈၈၁ ခုနှစ်မှစတင်၍ ၁၀ နှစ်လျှင် တစ်ကြိမ် သန်းခေါင်စာရင်းများ ပုံမှန်ကောက်ယူခဲ့သည်။ ၁၈၉၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများသည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို လွှမ်းခြုံအောင် ကောက်ယူနိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်း လူအများသေဆုံးရခြင်း၏အကြောင်းရင်း ရောဂါများနှင့် နှစ်အလိုက် သေဆုံးသူများ၏ ဦးရေကို ၁၉၂၃ ခုနှစ်မှ ၁၉၂၇ ခုနှစ် ဖွားသေစာရင်းအဖြစ် စာရင်းကောက်ယူ၍ဖော်ပြခဲ့ရာ ဝမ်းရောဂါ၊ ကျောက်၊ ပလိပ်၊ အဖျား၊ ဝမ်းကိုက်၊ အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သောရောဂါများ၊ မိမိကိုယ်ကို သတ်သေခြင်း၊ ဒဏ်ရာရထိခိုက်၊ မြွေကိုက်၊ ခွေးရူးပြန်နှင့်အခြားဟူ၍ ရောဂါအလိုက် သေဆုံးဦးရေနှင့်တကွ စနစ်တကျ စာရင်းပြုစုဖော်ပြခဲ့သည်ကို မှတ်တမ်းများအရ သိရသည်။

ထို့နောက်ပိုင်း ဒုတိယကမ္ဘာစစ်ကာလမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလအထိ သန်းခေါင်စာရင်းကို စနစ်တကျ မကောက်နိုင်ခဲ့၍ လူဦးရေကို မှန်းဆ၍သာ တွက်ချက်ခဲ့ကြရသည်။ ၁၉၅၃ ခုနှစ်က ကောက်ခံခဲ့သော သန်းခေါင်စာရင်းမှာလည်း နိုင်ငံ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်သာ ကောက်ယူစာရင်းပြုစုနိုင်ခဲ့ပြီး တော်လှန်ရေးကောင်စီခေတ်တွင်လည်း လူဦးရေနှင့် စီးပွားရေးစစ်တမ်းမျှသာ ကောက်ယူနိုင်ခဲ့သည်။

## ပထမဆုံးအကြိမ် ကောက်ခံနိုင်ခဲ့သော အပြည့်ကောက်လူဦးရေသန်းခေါင်စာရင်း

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တွင်မူ ၁၉၇၂ ခုနှစ်တွင် သန်းခေါင်စာရင်း ဥပဒေကိုပြဋ္ဌာန်း၍ ၁၉၇၃ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင်ကောက်ခံခဲ့သော သန်းခေါင်စာရင်းမှာ အပြည့်ကောက် လူဦးရေသန်းခေါင်စာရင်းဖြစ်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ကောက်ခံနိုင်ခဲ့သော အပြည့်ကောက်လူဦးရေသန်းခေါင်စာရင်းဖြစ်ခဲ့သည်။ ဆက်လက်၍ ၁၉၈၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ထပ်မံကောက်ယူနိုင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် တတိယအကြိမ် ကောက်ယူနိုင်ခဲ့သည့် သန်းခေါင်စာရင်းမှာ ၁၉၈၃ ခုနှစ် ဒုတိယအကြိမ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့သည့်နောက်ပိုင်း နှစ်ပေါင်း ၃၀ ကြာမှ ကောက်ယူနိုင်ခဲ့ခြင်းဖြစ်သော်လည်း မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် အကောင်းဆုံးနှင့် အပြည့်စုံဆုံး သန်းခေါင်စာရင်းဖြစ်ခဲ့သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအမှတ်(၁၉) အား ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးခဲ့သည်။ ဥပဒေတွင် မြန်မာနိုင်ငံအစိုးရကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို နိုင်ငံတော်၏ လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်း/ အင်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာ ရရှိရေးဆောင်ရွက်ရန် အာဏာအပ်နှင်းထားသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကောက်ယူရန် တာဝန်ရှိကြောင်းကိုလည်း ဥပဒေတွင် ဖော်ပြပါရှိသည်။

စာမျက်နှာ ၁၆ သို့ ☆

**❛ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် မူဝါဒချမှတ်ခြင်းများ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းများ စသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရမည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်သည်။**

**သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု နယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲနိုင်ရန်နှင့် အထောက်အထား အခြေပြုဆုံးဖြတ်ချက်များချမှတ်ရာတွင် မရှိမဖြစ်လိုအပ် ❜**

☆ စာမျက်နှာ ၁၅ မှ
ထို့အပြင် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် ဖြေဆိုသူများ၏ တစ်ဦးချင်း ကိုယ်ရေးအချက်အလက်များ မပေါက်ကြားစေရေးအတွက် ဖြေဆိုသူများအား အကာအကွယ်ပေးရန် ဥပဒေပုဒ်မများ ပါရှိသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) နှင့် အလှူရှင်နိုင်ငံများ၏ အကူအညီနှင့် အကြံဉာဏ်များ အပြင် အဆင့်ဆင့်သော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးမှ သန်းခေါင်စာရင်း ကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် နိုင်ငံတစ်ဝန်းမှ ပညာရေး ဝန်ထမ်းများ၊ သစ်တောဘက်ဆိုင်ရာ ဝန်ထမ်းများ၊ စေတနာရှင်၊ လုပ်အားရှင်များကလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

## ပြည်သူများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုကြောင့်သာလျှင်

အထူးသဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုကလည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်တွင် များစွာအထောက်အပံ့ အကူအညီဖြစ်ခဲ့လေသည်။ ထို့ကြောင့်ပင် ထိုစဉ်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းထုတ်ပြန်ချက် အမှတ်(၁) ဥယျောဇဉ်တွင် "၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၏ မေးခွန်းများအား လိုလားနှစ်မြို့က်စွာ ဖြေဆိုခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတစ်ဝန်းရှိ ပြည်သူ ပြည်သား တိုင်းရင်းသားညီအစ်ကိုများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိပြည်သူများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုကြောင့်သာလျှင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့သည်ဟု အစဉ်ထာဝရ ယုံကြည်စွဲမှတ်ထားပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်"ဟု ရေးသားဖော်ပြခဲ့သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရခေတ် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေသည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

> **"အရေးကြီးဆုံးကတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေဆိုပေးကြဖို့ လိုအပ်ပြီး မိမိတို့အတွက်၊ မိမိ မိသားစုအတွက်၊ မိမိ သားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်အတွက် အနည်းဆုံး ၁၀ နှစ်စာ စီမံဆောင်ရွက်နိုင်တဲ့ အခြေခံအချက်အလက်များရရှိစေနိုင်မယ့် အကျိုးရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်"**

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို တိတိကျကျ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံ ကောက်ယူနိုင်မှသာ ပြည်သူများအတွက်လိုအပ်သော လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမ ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော မဲစာရင်းတိကျမှန်ကန်စေရေး လုပ်ဆောင်ရာတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်းတွင် "သန်းခေါင်စာရင်းကရရှိတဲ့ ကိန်းဂဏန်းတွေဟာ ကျွန်တော်တို့ အစိုးရလက်ထက်သာမက နောင်အစိုးရအဆက်ဆက်အထိ လက်ဆင့်ကမ်း အမွေပေးရမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အရေးကြီးဆုံးကတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေဆိုပေးကြဖို့ လိုအပ်ပြီး မိမိတို့အတွက်၊ မိမိ မိသားစုအတွက်၊ မိမိ သားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်အတွက် အနည်းဆုံး ၁၀ နှစ်စာ စီမံဆောင်ရွက်နိုင်တဲ့ အခြေခံအချက်အလက်များရရှိစေနိုင်မယ့် အကျိုးရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြဖို့ ထပ်လောင်းအသိပေးလိုပါတယ်။

အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမယ့် မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များ ကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေ အကျိုးအတွက် အမှန်ကို အမှန်အတိုင်း အမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည် ဖြေကြားကြဖို့ လိုအပ်ပါတယ်။ သန်းခေါင်စာရင်းအတွက် ထုတ်ပြန်ထားတဲ့ ၂၀၁၃ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကလည်း ပြည်သူတွေရဲ့ကိုယ်ရေးအချက်အလက်တွေကို လုံခြုံမှုအကာအကွယ်ပေးထားပြီးဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်" စသည်ဖြင့် အကျယ်တဝင့် ပြောကြားခဲ့ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဆိုရန်တိုဗီလာအဆောက်အဦ၌ ကျင်းပခဲ့သော ဆိုရန်တိုဗီလာစီမံကိန်းဟု လူသိများသည့် ပြန်လည်ထူထောင်ရေး (၂ နှစ်စီမံကိန်း)ကွန်ဖရင့်တွင် "ကျွန်တော်တို့ဟာ စာရင်းအင်းတွေကို အသိဉာဏ်ရှိရှိနဲ့ သုံးနိုင်ဖို့၊ သုံးတတ်ဖို့လိုပါတယ်။ အဲဒီတော့ ဒီလိုသုံးတတ်ဖို့ရာ ဘယ်စာရင်းအင်းတွေကို ဘယ်လိုလုပ်ပြီး ဘယ်လိုကြောင့် စုဆောင်းတင်ပြထားတယ်ဆိုတာကို သိဖို့လိုတယ်။ ပြီးတော့ ဒီစာရင်းအင်းတွေရဲ့ သဘောအဓိပ္ပာယ်ကို မှန်မှန်ကန်ကန်ကောက်တတ်ဖို့လိုတယ်" ဟူ၍ ထည့်သွင်းပြောကြားသွားခဲ့ပါသည်။

သို့ဖြစ်၍ နိုင်ငံတစ်ဝန်းရှိပြည်သူများအနေဖြင့်လည်း များမကြာမီ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်တည်း ကောက်ယူတော့မည့် ၁၀ နှစ်တစ်ကြိမ် ကောက်ယူရသည့် အိမ်အကြောင်းအရာနှင့် သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းစဉ်ကြီးတွင် **"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့"** ဆောင်ပုဒ်နှင့်အညီ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၁။ ။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၁၄၀ | ၃၁၁၅ | ၃၀၇၀ | ၃၁၄၅ | ၃၁၅၅ | ၃၁၇၀ | ၃၁၂၀ | ၃၂၅၀ | ၃၂၈၀ | ၃၁၃၀ | ၃၁၄၅ | ၃၁၈၀ | ၃၁၆၅ | ၃၁၈၀ | ၃၅၈၅ | ၄၈၀၀ |
| 95 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၅ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၀၀၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၅ | ၂၆၃၀ | ၂၅၈၅ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၈၀ | ၂၆၉၅ | ၃၀၉၅ | ၄၈၀၀ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၃ |
| 95 Ron | ၃၀၅၀ | ၃၁၄၅ |
| HSD (500 ppm) | ၂၄၃၁ | ၂၅၀၉ |
| HSD (50 ppm) | ၃၀၇၂ | ၃၁၆၃ |
| HSD (10 ppm) | ၃၀၇၂ | ၃၁၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က အမှတ်(၇)ရပ်ကွက် ဗိုလ်ရုံတန်းလမ်း ဇေယျာမင်္ဂဘုန်းတော်ကြီးကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင်ဦးစီး၍ မြို့မရဲစခန်းမှူး ဇော်နိုင်လင်း၊ နယ်မြေရဲစခန်းမှူး ရဲအုပ်အေးကို ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်တွင် သံဖြူဇရပ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(စုပေါင်းရုံး) ဝင်းအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမိုးမြင့် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက မြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပေါ်မှုများ လှည့်လည်ကြည့်ရှု

**လွိုင်ကော် စက်တင်ဘာ ၂၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သီရိမင်္ဂလာ တောင်ကွဲစေတီတော်မြတ်သို့ ရောက်ရှိကာ စေတီတော်ပရိဝုဏ်တစ်ဝိုက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘုရားဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ မိုးကောင်းဘုရားကြီးနှင့် မနောမယရန်အေးငြိမ်းစေတီတော်သို့ ရောက်ရှိပြီး သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် သီရိမင်္ဂလာဈေးအတွင်း ရေကြီးရေလျှံဖြစ်ပေါ်နေမှု အခြေအနေများ၊ ကန္ဒရဝတီ တံတား ရေကျော်နေမှုနှင့် ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ ရေလွတ်ရာလမ်းများမှ အဆင်ပြေစွာသွားလာနိုင်ရေး လမ်းညွှန်အမှတ်အသားများ ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် သာသနာ့ဗိမာန်တော်ကြီးတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအတွက် ချက်ပြုတ်ကျွေးမွေးနေသည့်နေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (West Yangon Technological University–WYTU)သို့ ရောက်ရှိပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အဓိပတိလမ်းမကြီးတွင် အရိပ်ရပင်များ၊ ပလက်ဖောင်းနှင့် လမ်းမီးတိုင်များဆိုင်ရာ လုပ်ငန်းအစီအစဉ်များ၊ Master Plan ရေးဆွဲထားမှုအခြေအနေ၊ စာသင်ဆောင်များ၊ အားကစားပြုလုပ်ရာနေရာများ၊ အပန်းဖြေရန်နေရာများ၊ ကျောင်းသား အိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ယာဉ်ရပ်နားရန် နေရာများနှင့် Drainage System ဆိုင်ရာ လုပ်ငန်းအစီအစဉ်များ၊ ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းနှင့် Multipurpose Hall Structure System တို့ကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ်ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး ပင်မဆောင်တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးစေရေး အလေးထား ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အစိုးရနည်းပညာ အထက်တန်းကျောင်း(ရွာမ)တွင် တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် သက်မွေးပညာရှင်များကို စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားပြီး စာသင်ခန်းများ၊ အလုပ်ရုံများ၌ ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ဒုတိယဝန်ကြီးသည် ရန်ကုန် နည်းပညာတက္ကသိုလ်၌ စက်တင်ဘာ ၁၉ ရက်တွင် Hybrid စနစ်ဖြင့် ပြုလုပ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်ဂုဏ်ပြုသဘင် ဆိုင်ရာ အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ပြီး အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများလည်း တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အင်ဂျင်နီယာပညာရေးကို နိုင်ငံတကာအဆင့် အရည်အသွေး ပြည့်မီစေရေးအတွက် အနာဂတ်အင်ဂျင်နီယာပညာရေး ဆိုင်ရာ လမ်းပြမြေပုံ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များကို ပြည်သူများ၊ Stake Holders များနှင့်အတူ ပူးပေါင်းဆွေးနွေး၍ ဖော်ထုတ်နိုင်ရန် စသောရည်ရွယ်ချက်များဖြင့် အင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်ဂုဏ်ပြုသဘင် ကျင်းပမည် ဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရေး ဖွံ့ဖြိုးတိုးတက်လာပုံ သမိုင်းအထောက်အထားများကို စာအုပ်များ ထုတ်ဝေရန် စီစဉ်လျက်ရှိကြောင်း၊ ရာပြည့် ဂုဏ်ပြုသဘင်ဖြစ်သည့်အတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်အောင်မြင်မြင် ကျင်းပသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ရန်ကုန် နည်းပညာတက္ကသိုလ်နှင့် အခြားနည်းပညာ တက္ကသိုလ်များတွင် အကြို ဂုဏ်ပြုဆောင်ရွက်မည့် အစီအစဉ်များ၊ ရာပြည့်ဂုဏ်ပြုသဘင်ဆိုင်ရာ အစီအစဉ်များ၊ Logo ဒီဇိုင်း၊ ဂုဏ်ပြုကျောက်စာတိုင် ဗိသုကာဒီဇိုင်းနှင့် စိုက်ထူမည့်နေရာ၊ အင်ဂျင်နီယာပညာရေး သမိုင်းကြောင်း အချက်အလက်များ၊ သုတေသနစာတမ်းများ၊ ပြခန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံကူးလက်မှတ်လျှောက်ထားမှုများအတွက် ဆောလျင်စွာ ပြန်လည်ထုတ်ပေးသွားမည်ဟု ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၁**

နိုင်ငံကူးလက်မှတ်လျှောက်ထားမှုများအတွက် ဆောလျင်စွာ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားသည်။

**ဆောလျင်စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ**

မြန်မာသံရုံးအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ်များ ပျောက်ဆုံး/ ပျက်စီး/ သက်တမ်းတိုးခြင်းများအတွက် လျှောက်ထားလာမှုများအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်လက်ခံပြီး အသစ်ပြန်လည်ထုတ်ပေးလျက်ရှိရာ သတ်မှတ်ရက်ချိန်းများထက် ပိုမို၍ဆောလျင်စွာထုတ်ပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သံရုံးက အသိပေးထားသည်။

သို့ဖြစ်ရာ မြန်မာသံရုံးအနေဖြင့် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း နိုင်ငံကူးလက်မှတ်အသစ်များ လာရောက်ထုတ်ယူရမည့် လျှောက်ထားသူများအား သတ်မှတ်ရက်ချိန်းထက် ဆောလျင်ပြီး စက်တင်ဘာ ၂၃ ရက်မှ ၃၀ ရက်အတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

လာရောက်ထုတ်ယူသူများအနေဖြင့် မိမိတို့အဆင်ပြေမည့် နေ့ရက်/အချိန်တွင် ကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ရုံးချိန်အတွင်း ရက်ချိန်းဖြတ်ပိုင်းဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာထားသည်။ ထို့အတူ မြန်မာသံရုံးအနေဖြင့် နိုင်ငံကူးလက်မှတ်အသစ်များကို သတ်မှတ်ရက်ချိန်းထက်ပိုမို၍ဆောလျင်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာသံရုံးသို့ လာရောက်လျှောက်ထားကြသူများအနေဖြင့်လည်း ပူးတွဲတင်ပြရန်လိုအပ်သော သတ်မှတ်ထားသည့် စာရွက်စာတမ်း/ အထောက်အထားများကို အပြည့်အစုံယူဆောင်လာကြခြင်းဖြင့် စိစစ်လက်ခံရာတွင် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြပါရန် အသိပေးနှိုးဆော်တိုက်တွန်းကြောင်း ဖော်ပြထားသည်။

လိုအပ်သည့် စာရွက်စာတမ်းများ၊ အခြားသိရှိလိုသည့် အကြောင်းအရာများကို မြန်မာသံရုံး၏ Website ဖြစ်သည့် https://meseoul.org တွင် ဝင်ရောက်လေ့လာနိုင်ကြောင်းလည်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးကအသိပေးထားသည်။

**MT**

**နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စက်တင်ဘာ ၂၁ ရက်က ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစံသူနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြစိုးတို့ ဦးဆောင်၍ မြို့မရဲစခန်းမှ စခန်းမှူးနှင့် အရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များက ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်အတွင်းရှိ ပေါင်းမြက်များနှင့် အမှိုက်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။**

တင်စိုးလွင်



ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဂုဏ်ပြုဆောင်းပါး

# ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေး

**နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) ဖြစ်သည်။ ထိုနေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ပြုလုပ်ကျင်းပကြသည်။**

**စည်သူကျော်**

ကျင်းပသည်ဆိုရာ၌လည်း ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(United Nations World Tourism Organization– UNWTO) က ထိုနှစ်အတွက် ချမှတ်ပေးသော ဆောင်ပုဒ်အကြောင်းအရာ(Theme) အပေါ်အခြေခံ၍ ကျင်းပကြခြင်းဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီးက နှစ်စဉ် ကမ္ဘာပေါ်၌ လတ်တလောဖြစ်ပေါ်နေသော အားလုံးက အလေးထား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့် အကြောင်းအရာ (Global Agenda) များကို အခြေခံ၍ သက်ဆိုင်ရာနှစ်အတွက် ဆောင်ပုဒ်ကို ဖော်ထုတ်ချမှတ်ပေးခြင်းဖြစ်သည်။

ယခုလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့သို့ ရောက်တော့မည်ဆိုသော အမှတ်ရစိတ်ဖြင့် ယခုနှစ်အတွက် ဆောင်ပုဒ်ကို ရှာဖွေကြည့်မိသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ဆောင်ပုဒ်သည် “Tourism and Peace” “ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေး”ဖြစ်သည်။ မှန်ပေသည်။

**ကမ္ဘာကြီး၏ အနေအထားကို တိုက်ရိုက်မီးမောင်းထိုးပြ**

ယနေ့ကမ္ဘာပေါ်တွင် စစ်မက်ဖြစ်ပွားနေသော နေရာဒေသ မြောက်မြားစွာရှိနေသည်။ အလားတူ စစ်မက်ဖြစ်ပွားရန် တာစူစိုင်းပြင်းနေသော နေရာဒေသများလည်း ရှိနေသည်။ ကမ္ဘာ့လူသားများအတွက် ရတက်မအေးဖွယ်ဖြစ်သည်။ နျူကလီးယားစစ်ပွဲ (Nuclear War)ဆိုသော စကားလုံးကိုလည်း ခပ်စိပ်စိပ် တွေ့မြင်ကြားသိနေရသည်။ သို့ဖြစ်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီး၏ ၂၀၂၄ ခုနှစ်အတွက် ဆောင်ပုဒ်သည် လက်ရှိကမ္ဘာကြီး၏ အနေအထားကို တိုက်ရိုက်မီးမောင်းထိုးပြနေသလို ငြိမ်းချမ်းရေး၏အရေးပါပုံ၊ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးတို့ အပြန်အလှန်ဆက်စပ်နေပုံတို့ကို ပေါ်လွင်စေသည်။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို လေ့လာခဲ့စဉ်က ဖတ်ရှုခဲ့ဖူးသော စာတမ်းတစ်စောင်ပါ စာသားအချို့ကို အမှတ်ရမိသည်။ Tourism and War ဆိုသော စာတမ်းဖြစ်သည်။ ဘာသာပြန်ကြည့်ရလျှင် စစ်နှင့်ခရီးသွားလုပ်ငန်းဟု ပြန်ဆိုရမည်ထင်သည်။ အမှတ်ရမိသည်ဆိုရာ၌ စာရေးဆရာကြီး လီယိုတော်စတွိုင်းရေးသားခဲ့ပြီး ဆရာမြသန်းတင့် ဘာသာပြန်ဆိုခဲ့သော စစ်နှင့်ငြိမ်းချမ်းရေး (War and Peace) စာအုပ်နှင့် အမည်အနည်းငယ်ဆင်တူသောကြောင့် ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သော ထင်ရှားသည့် စစ်ပွဲအချို့နှင့် ခရီးသွားလုပ်ငန်း၏ သဘောသဘာဝတို့ကို ယှဉ်တွဲရေးသားထားခြင်းဖြစ်သည်။ ကနဦး ဆွဲထုတ်ပြထားသော အယူအဆမှာ ခရီးသွားလုပ်ငန်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှု(ဝါ)ငြိမ်းချမ်းမှုရှိရန် လိုအပ်သော ဖြစ်ရပ်တစ်ခုဆိုသည်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းသော အခြေအနေတစ်ရပ်ရှိရန် လိုအပ်သည်။ ထို့နောက်တွင်ကား ခရီးသွားလုပ်ငန်းကဏ္ဍ၏ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသော အနေအထားကြောင့် ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တွန်းအားတစ်ရပ်သဖွယ်ဖြစ်သည်ဟု အသိအမှတ်ပြုလာကြသည်။ ခရီးသွားလုပ်ငန်းသည် ဖြစ်မှုအနေအထားတစ်ခုမှ ပြုမှုအနေအထားတစ်ရပ်သို့ အသွင်ပြောင်းလဲသွားခြင်း ဖြစ်သည်။




မန္တလေးမြို့ ရွှေနန်းတော်ကျောင်းသို့ လာရောက်လေ့လာနေကြသည့် နိုင်ငံခြားသားခရီးသွားများကို တွေ့ရစဉ်။

ခရီးသွားလုပ်ငန်းကဏ္ဍ ကျယ်ပြန့်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ခရီးသွားလုပ်ငန်းကို ဘာသာရပ်တစ်ခုသဖွယ် သုတေသနပြုလေ့လာကြသော ပညာရပ်ဆိုင်ရာ အခန်းကဏ္ဍများ၊ ပညာရှင်များပါဝင်လာခဲ့ရာ ခရီးသွားလုပ်ငန်း၏ အခြားသောကဏ္ဍများ၌ ပါဝင်ပတ်သက်မှု၊ လွှမ်းခြုံနိုင်မှု၊ ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်မှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖော်ထုတ်တင်ပြလာကြသည်။ ၎င်းတို့တွင် ငြိမ်းချမ်းရေးနှင့် ခရီးသွားလုပ်ငန်းတို့၏ အပြန်အလှန်ဆက်စပ်သက်ရောက်မှုများအပေါ် လေ့လာတင်ပြခြင်းများ ရှုထောင့်ပေါင်းစုံမှ ပေါ်ထွက်လာသည်။

**ခရီးသွားလုပ်ငန်းပေါ်ထွန်း ဖွံ့ဖြိုးလိုသော်**

သို့ဖြစ်ရာ စစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့် ခရီးသွားလုပ်ငန်းတို့အကြား (ပညာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များ၏) အပြန်အလှန် မေးခွန်းထုတ်မှုများလည်း ရှိခဲ့သည်။ မှန်ပေသည်။ ၎င်းတို့ တင်ပြလာသော အယူအဆမှာ စစ်မက်ဖြစ်ပွားနေသော(ဝါ) ငြိမ်းချမ်းမှုမရှိသောနေရာတွင် ခရီးသွားလုပ်ငန်း မဖြစ်ထွန်းနိုင်ဟူ၍ ဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းပေါ်ထွန်းဖွံ့ဖြိုးလိုသော် ငြိမ်းချမ်းမှုရှိအောင် လုပ်ရမည်ဟူသည့် သဘောဖြစ်သည်။ အချို့ကလည်း ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးတည်ဆောက်မှုကို တိုက်ရိုက်မဖြစ်ပေါ်စေနိုင်၊ ငြိမ်းချမ်းရေးပေါ်ပေါက်လာစေခြင်းတွင် အထောက်အပံ့ပြုသော အကြောင်းအချက်တစ်ခုဖြစ်သည်ဟု ဆိုကြသည်။

မည်သို့ပင်ဆိုစေကာမူ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးသည် ကြီးမားသော ဆက်နွှယ်မှုရှိနေသည်ကို ငြင်းမရ။ ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးအတွက် ကြီးစွာသော အထောက်အပံ့ဖြစ်သည်ဆိုသော အယူအဆသည် ကျယ်ကျယ်ပြန့်ပြန့် ခိုင်မာလာသည်။ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေး အယူအဆရေးရာ ဂုရုကြီးတစ်ဦးဖြစ်သော လူးဝစ်ဒမော (Louis D’ Amore) က ခရီးသွားလုပ်ငန်းကို “Tourism–The World’s Peace Industry” ဟု ရဲရဲဝံ့ဝံ့ ကျယ်ကျယ်ပြန့်ပြန့် ချပြလိုက်သောအခါ ပိုမို၍ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့သည်။

**ငြိမ်းချမ်းရေးဖြစ်တည်မှုကို အထောက်အကူပြု**

ငြိမ်းချမ်းရေး(Peace) ဆိုသည်ကို လူးဝစ်ဒမောက ၎င်း၏ စာတမ်းတွင် စစ်ပွဲများမရှိခြင်း(absence of war) ဟု ရိုးရိုးရှင်းရှင်းပင် အဓိပ္ပာယ်ဖွင့်ခဲ့သည်။ စစ်ပွဲများမရှိခြင်းသည် ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းဖြစ်ထွန်းရာ နေရာသည် စစ်ပွဲများမရှိ၊ ငြိမ်းချမ်းသောနေရာပင်ဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို ငြိမ်းချမ်းရေးလုပ်ငန်းကဏ္ဍ (The World’s Peace Industry) ဟု အမည်ပေးကင်ပွန်းတပ်ခဲ့ခြင်းဖြစ်သည်။ ဒမော၏ အမြင်ဖြစ်သော ငြိမ်းချမ်းရေးအပေါ် ခရီးသွားလုပ်ငန်း၏ တွန်းအားမှာ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့လူသားအချင်းချင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း နီးကပ်စွာ ဆက်သွယ်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်တည်မှုကို အထောက်အကူပြုစေခြင်းဖြစ်သည်။

ပြန်လှန်မေးခွန်းထုတ်သူများ၏ မေးခွန်းဖြစ်သော ခရီးသွားလုပ်ငန်းအတွက် ငြိမ်းချမ်းရေးလော၊ ငြိမ်းချမ်းရေးအတွက် ခရီးသွားလုပ်ငန်းလောဟူသည်ကို ဤအချက်ဖြင့် အဖြေထုတ်နိုင်ခဲ့သည်။ ခရီးသွားလုပ်ငန်း (ဖြစ်မှု)အတွက် ငြိမ်းချမ်းရေး (ပြုမှု) မဟုတ်၊ ငြိမ်းချမ်းရေး(ဖြစ်မှု)အတွက် ခရီးသွားလုပ်ငန်း(ပြုမှု)ဖြစ်သည် ဆိုခြင်းပင်။ ခရီးသွားလုပ်ငန်းသည် တကယ်ပင် ငြိမ်းချမ်းရေးကို အထောက်အကူပြုပါသလားဟု မေးခွန်းထုတ်လာသော် ခရီးသွားခြင်းဖြင့် အခြား မတူကွဲပြားသောသူများ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဖြစ်တည်မှုတို့ကို တန်ဖိုးထားလေးစားမှု တိုးပွားလာပြီး မိမိတို့သည် ကမ္ဘာ့မိသားစုကြီး၏ မိသားစုဝင်များ ဖြစ်ပါပေသည်ဟု နားလည်စာနာ ခံစားတတ်လာပါက ဟုတ်ပါသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်ထွန်းပေါ်ပေါက်ရေးကို အထောက်အကူပြုပါပေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုအတွက် တွန်းအားဆိုသည်ကို ထောက်ပြနိုင်သည့် အချက်တစ်ချက်မှာ ခရီးသွားလုပ်ငန်း၏ အခြားသော ကဏ္ဍများအပေါ် ပြောင်းလဲပစ်လိုက်နိုင်သည့် စွမ်းအား (Transformative Force)ဖြစ်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍဖြစ်ထွန်းလာပါက သို့မဟုတ် တစ်မုဟုတ်ချင်း ဖွံ့ဖြိုးတိုးတက်လာပါက အခြားသော ဆက်စပ်ကဏ္ဍများသို့ သိသာသောသက်ရောက်မှုများ ပေါ်ပေါက်လာစေခြင်းဖြစ်သည်။

စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှု၏ သက်ရောက်မှုများကို အထင်အရှား တွေ့ရသည်။ ခရီးသွားလုပ်ငန်းကြောင့် ဒေသတစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှု ယန္တရားများ အားကောင်းလာခြင်း၊ ၎င်းတို့သည် ခရီးသွားလုပ်ငန်းကြောင့် အပြုသဘောဆောင်သော ပြောင်းလဲမှုများဖြစ်သည်။ သို့သော် အချို့သောဒေသများတွင် ခရီးသွားလုပ်ငန်းကို တာဝန်သိစွာအကောင်အထည်ဖော်ဆောင်ရွက်မှုမပြုခြင်းကြောင့် ဒေသခံများ၏ လူမှုစံတန်ဖိုးနှင့် သဘာဝပတ်ဝန်းကျင်တို့ ယုတ်လျော့ပျက်စီးခဲ့သည့် သာဓကများလည်း အမြောက်အမြားရှိသည်။ ဆိုလိုသည်မှာ ခရီးသွားလုပ်ငန်းသည် ဖော်ဆောင်သည့်ဒေသ၏ စရိုက်လက္ခဏာအသွင်အပြင် (Characteristics) ကို ပြောင်းလဲပေးနိုင်သည့်စွမ်းအား(Transformational Force or Transformational Power) ရှိသည်ဆိုသော အချက်ဖြစ်သည်။ **စာမျက်နှာ ၁၉ သို့ ❖**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု လိုက်လံကြည့်ရှုအားပေး

**မုံရွာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ ယနေ့တွင် ဆုတောင်းပြည့်ဘုရားကြီး ရင်ပြင်တော်နှင့် ပတ်ဝန်းကျင်တို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

## ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လိုက်လံ ကြည့်ရှုအားပေးကြပြီး စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြသူများအား နံနက်စာများဖြင့် ဧည့်ခံကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ မဟာလယ်တီကျောင်းတိုက်ကြီးရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးကြသည်။

## တက်ရောက်

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မဟာလယ်တီကျောင်းတိုက်ကြီးရှိ ဆရာတော်၊ သံဃာတော်များ ဝါတွင်းကာလအတွင်း ဆွမ်းအခက်အခဲမရှိစေရေးတို့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဖွယ်ပစ္စည်းများနှင့် တစ်လစာ ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။



ထို့နောက် ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများနှင့် တစ်လစာ ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးအား ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

❖ စာမျက်နှာ ၁၈ မှ

ယင်းကြောင့်လည်း ယနေ့ခေတ်၌ ဒေသကို ပြောင်းလဲပေးနိုင်သော ခရီးသွားလုပ်ငန်းပုံစံ (Transformative Tourism)၊ ဒေသကို ပြန်လည်ကောင်းမွန်တိုးတက်လာစေသော ခရီးသွားလုပ်ငန်း (Regenerative Tourism) စသော ခရီးသွားလုပ်ငန်း (Ideology)ပုံစံအသစ်များ ပေါ်ထွန်းလာခြင်းဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးအသွင်ပြောင်းလဲခြင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်သည်။ တွန်းအားပေးပြောင်းလဲနိုင်သည်ဟု ဆိုနိုင်ပေသည်။

ခရီးသွားလုပ်ငန်းသည် အစိုးရအချင်းချင်း ဆက်ဆံမှု (Government to Government Relationship)၊ အစိုးရနှင့် ပုဂ္ဂလိကဆက်ဆံမှု (Government to Private Citizens Relation–ship)၊ ပုဂ္ဂလိကအချင်းချင်း အပြန်အလှန် ဆက်သွယ်ဆက်ဆံမှု (Citizens to Citizens Relationship) တို့ကို တိုးတက်ကောင်းမွန်စေပြီး ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက် မျှဝေဖလှယ်မှုတို့တွင် ထိရောက်သော အကျိုးဖြစ်ထွန်းမှုတို့ကို ဖြစ်ပေါ်စေသည်။ ယင်းအလေ့အထများကို အာဆီယံနှင့် မဟာမဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းဖိုရမ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးများတွင် ထူထောင်ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိနိုင်သည်။

**❛ငြိမ်းချမ်းရေးဆိုသည့်နေရာတွင် လက်နက်ကိုင်သောင်းကျန်းမှုများသာမက တရားဥပဒေစိုးမိုးရေးကိစ္စရပ်များလည်း ပါဝင်ပါသည်။ တရားဥပဒေ၏အကာအကွယ်ကို လုံလောက်စွာမရရှိခြင်းသည်လည်း ခရီးသွားလုပ်ငန်းအပေါ် များစွာသက်ရောက်မှုရှိသည်။ နိုင်ငံခြားသားခရီးသွားများတွင်သာမက ပြည်တွင်းခရီးသွားများတွင်ပါ ဖြစ်လေ့ဖြစ်ထရှိသည့် ခိုးယူမှု၊ အကြမ်းဖက်လုယက်မှု၊ လူကုန်ကူးမှုနှင့် ကလေးသူငယ်နှင့် အမျိုးသမီးများအား ခေါင်းပုံဖြတ် မတရားစေခိုင်းမှုများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် အားနည်းချက်တစ်ရပ်ဖြစ်ပြီး ကုစားရန်ခက်ခဲသော အနုတ်လက္ခဏာဆောင်သည့် ပုံရိပ်တစ်ခုလည်းဖြစ်ပါသည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးစေရေးအတွက် ခရီးသွားဧည့်သည်များကိုသာမက ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူများကိုပါ တရားဥပဒေ၏အကာအကွယ်ကို လုံလောက်စွာပေးအပ်နိုင်ရမည်❜**

### တရားဥပဒေစိုးမိုးရေးကိစ္စရပ်များလည်း ပါဝင်

ထို့ပြင် ငြိမ်းချမ်းရေးဆိုသည့်နေရာတွင် လက်နက်ကိုင်သောင်းကျန်းမှုများသာမက တရားဥပဒေစိုးမိုးရေးကိစ္စရပ်များလည်း ပါဝင်ပါသည်။ တရားဥပဒေ၏ အကာအကွယ်ကို လုံလောက်စွာမရရှိခြင်းသည်လည်း ခရီးသွားလုပ်ငန်းအပေါ် များစွာ သက်ရောက်မှုရှိသည်။ နိုင်ငံခြားသားခရီးသွားများတွင်သာမက ပြည်တွင်းခရီးသွားများတွင်ပါ ဖြစ်လေ့ဖြစ်ထရှိသည့် ခိုးယူမှု၊ အကြမ်းဖက်လုယက်မှု၊ လူကုန်ကူးမှုနှင့် ကလေးသူငယ်နှင့် အမျိုးသမီးများအား ခေါင်းပုံဖြတ် မတရားစေခိုင်းမှုများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တွင် အားနည်းချက်တစ်ရပ်ဖြစ်ပြီး ကုစားရန်ခက်ခဲသော အနုတ်လက္ခဏာဆောင်သည့် ပုံရိပ်တစ်ခုလည်းဖြစ်ပါသည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးစေရေးအတွက် ခရီးသွားဧည့်သည်များကိုသာမက ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူများကိုပါ တရားဥပဒေ၏ အကာအကွယ်ကို လုံလောက်စွာ ပေးအပ်နိုင်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါအချက်များအရ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများတွင် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အဓိကကျသော အချက်များဖြစ်သည်ဆိုခြင်းပင်ဖြစ်သည်။ အညီအမျှအားဖြင့် ခရီးသွားလုပ်ငန်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရေးနှင့် ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးတို့တွင် တိုက်ရိုက်၊ သွယ်ဝိုက် (သို့မဟုတ်) တစ်ဆင့်ခံအကျိုးသက်ရောက်စေခြင်းဖြင့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဖြစ်ပေါ်စေသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals– SDGs) (၁၇) ချက်တွင် အမှတ်စဉ်(၁၆)၌ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံ ခိုင်မာအားကောင်းလာရေးဟူသော အချက်တစ်ချက် ပါဝင်ပါသည်။ ယနေ့ ကမ္ဘာပေါ်တွင် အကောင်အထည်ဖော်သော လုပ်ငန်းအားလုံးတို့သည် ၎င်း SDGs (၁၇) ချက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း SDGs ကို လိုက်နာဦးတည်အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို တစ်တပ်တစ်အားပါဝင်အားဖြည့် ဖော်ဆောင်လျက်ရှိပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကြီး၏ နှစ်စဉ်ချမှတ်ခဲ့သော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်များကို ကြည့်ပါက အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်–

- ၂၀၂၀ ပြည့်နှစ် – ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး (Tourism and Rural Development)
- ၂၀၂၁ ခုနှစ် – ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး (Tourism for Inclusive Growth)
- ၂၀၂၂ ခုနှစ် – ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့ (Rethinking Tourism)
- ၂၀၂၃ ခုနှစ် – ခရီးသွားလုပ်ငန်းနှင့် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှု (Tourism and Green Investment)

အထက်ပါဆောင်ပုဒ်များအနက် ၂၀၂၂ ခုနှစ်ဆောင်ပုဒ်တစ်ခုတည်းသာ ကိုဗစ်–၁၉ အလွန်ကာလ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ကြံဆဆောင်ရွက်နိုင်ရန် (Rethinking Tourism) ဟူသော ဆောင်ပုဒ်ကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး ကျန်နှစ်များ၏ ဆောင်ပုဒ်များကို လေ့လာကြည့်ပါက Sustainable Development Goals များနှင့် ဆက်စပ်ထင်ဟပ်လျက်ရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်ဆောင်ပုဒ်သည်လည်း စာရေးသူအထက်ကတင်ပြခဲ့သည့်အတိုင်း ခရီးသွားလုပ်ငန်း၏ ပြောင်းလဲဖော်ဆောင်နိုင်သည့် အနေအထားတစ်ရပ်အတွင်းမှ ရေရှည်တည်တံ့သော ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် အနေအထားတစ်ရပ်ကို မီးမောင်းထိုးပြသည့်အနေဖြင့် (Tourism and Sustainable Transformation) ဟူသော ဆောင်ပုဒ်ကို ချမှတ်ထားသည်။

ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ် (Tourism and Peace) နှင့် နောင်လာမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ် (Tourism and Sustainable Transformation) ဆောင်ပုဒ်နှစ်ခုကို ယှဉ်တွဲရင်း စဉ်းစားမိသည်မှာ(Tourism– Transfor–mation for Peace) ဆိုသော ဆောင်ပုဒ်ဆိုလျှင် ပို၍ကောင်းမည်လားဟုပင်။ "ငြိမ်းချမ်းရေးအတွက် ပြောင်းလဲမှုစွမ်းအား၊ တို့များရဲ့ ခရီးသွား" ဆိုလျှင်ဖြင့်။

ကမ္ဘာကြီးငြိမ်းချမ်းပါစေ။

ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ပါစေ။ ။

---

✯MNL မှ

ဒဂုံစတားအသင်းက အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် ယခုရှုံးပွဲကြောင့် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် ဒုတိယအကျော့တွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ၁၈ မိနစ်တွင် နောက်ခံလူ ငြိမ်းချမ်း တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် ဒဂုံစတားယူနိုက်တက်အသင်း ရုန်းကန်ခဲ့ရသော်လည်း ၄၁ မိနစ်တွင် မြဝတီနောက်ခံလူ မြတ်သူအောင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသဖြင့် ၁၀ ဦးစီ တူညီသွားခဲ့သည်။ တစ်ယောက်စီလျော့သွားပြီးနောက်ပိုင်းတွင် ဒဂုံစတားယူနိုက်တက်အသင်း အသာရသွားပြီး အနိုင်ဂိုးများကို ၅၆ မိနစ်တွင် ဆွမ်လမနက ခေါင်းတိုက်ပြီး ပထမဂိုး၊ ၆၆ မိနစ်တွင် အောင်သီဟက ပင်နယ်တီဧရိယာအတွင်း အပြင်းကန်ချက်ဖြင့် ဒုတိယဂိုးတို့ သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားယူနိုက်တက်အသင်းမှ အောင်သီဟက ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၂၃ မှတ်၊ မြဝတီအသင်းက ၁၁ ပွဲကစား လေးမှတ်ရရှိထားသည်။

ပွဲစဉ် (၁၁) တတိယနေ့အဖြစ် စက်တင်ဘာ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MNL**

ဝတ္ထုတို




■ ကိုရွှေတောသား(ဆင်ကူး)

=======================

(၁)

နှင်းများက ပိတ်ဖုံးလျက် ဆောင်း၏ နိဒါန်းကို သရုပ်ပြနေပေသည်။ သဇင်ပန်းရနံ့များက မြောက်ပြန်လေအဟုန်၌ သင်းပျံ့သွားသည်။ ကောင်းကင်၌ နေရောင်မမြင်။ နှင်းကွဲချိန်ရောက်သော် ဆယ်နာရီဝန်းကျင်ခန့်သို့ ရောက်ရှိတတ်စမြဲ။ နံနက်အရုဏ်ကျင်း အုန်းမောင်းခေါက်သံကြားကတည်းက အိပ်ရာထခဲ့ရသည်။ နွားညီနောင်တစ်ရှဉ်းနှင့် လှည်းယဉ်ကြော့သည်ကား ကိုဖိုးအေးအတွက်ဘဝလက်ရုံးတစ်ဖက်ပင်ဖြစ်စေသည်။ သည်လယ်သည်ယာအား သည်နွားတစ်ရှဉ်းကို အဖော်ပြု၍ ထွန်ယက်စိုက်ပျိုးခဲ့သည်။ မိုးအခါ၌ စပါးကို စိုက်ပျိုးခဲ့သလို ဆောင်းအခါ၌ နေကြာနှင့် ပဲမျိုးစုံကို စိုက်ပျိုးသည်။ နွေရာသီသို့ ရောက်ရှိပြန်သော် ဖရဲခင်းတချို့နှင့် ချဉ်ပေါင်၊ ကြက်ဟင်းခါး၊ ပဲတောင့်ရှည်များကို သီးထပ် သီးညှပ်အဖြစ် စိုက်ပျိုးပါသေးသည်။

တောမှာမွေး တောမှာကြီးပြင်းခဲ့ရသူပီပီ ကိုဖိုးအေးက လယ်ယာမြေကို ချစ်ခင်မြတ်နိုးသည်။ အသောက်အစားကင်းကာ လောင်းကစားမရှိသည့် လူရိုးလူကောင်း ကိုဖိုးအေးအား ရွာတွင်းရှိကာလသမီးများက နှစ်သက်သဘောကျရိုး ရှိလေသည်။ ကိုဖိုးအေးသည် နာမ်မည်နှင့်လိုက်အောင်ပင် အနေအေးလှသည်။ ရွာရေးရပ်ရေး၌ သာရေးနာရေး ဘာသာရေး၊ လုပ်အားပေး၊ အစည်းအဝေးကအစ အားတက်သရောပါဝင်တတ်သလောက် အများသူငါနှင့် ရောရောနှောနှော နေထိုင်တတ်ခြင်းမရှိပေ။

(၂)

ကိုဖိုးအေး၌ အသက်ခြောက်ဆယ်ကျော် မိခင်တစ်ဦးရှိသည်။ သည်အမေနှင့်သည်သား၊ အမေတစ်ခု သားတစ်ခုဘဝသာဖြစ်သည်။ အသက်သုံးဆယ်နားရောက်ရှိနေသည့်တိုင် အိမ်ထောင်ပြုရန် မတွေးခဲ့ပေ။ မိခင်အိုကိုပြုစုရင်းဖြင့် သူ့ဘဝကို သူကျေနပ်နေရှာသည်။ ကိုဖိုးအေး၏မိခင်သည် မျက်စိနှစ်ကွင်းအလင်းမရသည့် မျက်မမြင် ဒုက္ခိတတစ်ဦးဖြစ်သည်။ သည်အတွက်ကြောင့်လည်း ကိုဖိုးအေးမှာ အိမ်ထောင်ပြုရန် မတွေးဝံ့ခဲ့ပေ။

"သမင်းငယ်တောက်.. မျောက်ကကြိုးခွေ..... မြိုင်ဖွေတသန့်..... ပန်းရနံ့တဝေဝေ.... အခက်ကြီး သူမှာ... ကြက်သီးတွေ ဖြိုင်စွာထမိပေ....မြိုင်ဝဠာတောမှာ ဖြင့်...ခြေဆန့်လို့ကွယ်..ရှာမလွယ်ပါပေ ....ဗျာစုံသင့်ကာနွမ်းခွေ....ရှာပုံဖွင့်ကာ လှမ်းလာရတယ်လေ"

ကိုဖိုးအေး၏သီချင်းသံက နှင်းမှုန်များကိုဖြတ်ကျော်လျက် အရပ်ရပ်ဆီသို့ ပျံ့လွင့်နေသည်။ လယ်ကန်သင်း၌ နွားစာမြက်ရိတ်ရင်း သီချင်းအော်ဆိုနေခြင်းဖြစ်သည်။ လူတိုင်း၌ အချစ်ဦးရှိခဲ့ကြဖူးသလို ကိုဖိုးအေး၌လည်း ဘယ်အခါမှမမေ့နိုင်သကဲ့သို့ မုန်းမရအောင်ပင် ချစ်ခဲ့ရသော မိန်းမလှလေးတစ်ဦးရှိခဲ့ဖူးသည်။ သူသည်ကား ရွာလယ်ပိုင်းက ရွာမျက်နှာဖုံး သူဌေးကြီး ဦးလှစိန်၏သမီးဖြစ်သည်။ သည်အဖြစ်အပျက်သည် ကိုဖိုးအေးအသက်နှစ်ဆယ်ခန့်က ဖြစ်ခဲ့သော မမေ့နိုင်စရာအသည်းကွဲဇာတ်လမ်းတစ်ပုဒ် ဖြစ်လေသည်။ သည်လိုရာသီ သည်လိုအချိန်၌ ကိုဖိုးအေးနှင့် မသည်းဖြူတို့ ချစ်ဇာတ်လမ်းလေးစခဲ့ကြပါသည်။

(၃)

"ဖြူရယ် စောင့်လိုက်ရတာ ကိုအေးဖြင့်လေ ဖြူများအိပ်ရာထဲမှာ ဆောင်းအေးအေးနှင့် အိပ်ကောင်းနေပြီ မှတ်တယ်"

သဇင်ပန်းရုံနံဘေး၌ နှစ်ယောက်သားဆုံစဉ် ကိုဖိုးအေးကဆိုသည်။ ကိုဖိုးအေးရင်ခွင်ကြားကိုရောက်နေသည့် မသည်းဖြူက ကိုဖိုးအေးမျက်နှာကို မော့ကြည့်ရင်း ပြန်ပြောလေသည်။

"ဟင့် ကိုအေးရယ် ဘယ်တုန်းကများ ချိန်းထားပြီးရင် ဖြူရောက်မလာတာရှိခဲ့လို့လဲ၊ ကိုအေးလည်းဖြူ့အကြောင်းကို သိရဲ့သားနဲ့ကွယ်၊ ခုတလော ဖေဖေက ကိုအေးနဲ့ဖြူ့ကို မသင်္ကာဘူးဖြစ်နေတယ်၊ ဖြူ့ကို အချိန်ပြည့်စောင့်ကြည့်နေတာ"

ကိုဖိုးအေး သက်ပြင်းခါခါချမိသည်။ မသည်းဖြူကို သူချစ်သည်။ မိသားဖသား ပီပီ တောင်းရမ်းကာ လက်ထပ်ယူချင်သည်။ သို့ပါသော်ရွှေပေါ်မြတင် ရွှေအိမ်နန်း၌ ကြီးပြင်းလာခဲ့သည့် မသည်းဖြူကိုမှ အသည်းနင့်အောင်ချစ်နေမိသည့် သူ့ဘဝက အမေတစ်ခုသားတစ်ခု၊ ဆွေမျိုးဂုဏ်ပကာသနမဲ့သည့်ဘဝပင် ဖြစ်နေလေသည်။

"ဖေဖေ့ကို ဖြူကြောက်တယ် ကိုအေးရယ်၊ ဖေဖေက ပြောရင်ပြောတဲ့အတိုင်း လုပ်တာ"

"ဖြူရယ် ကိုအေးလည်း ဘယ်လိုကြံရပ့်ါမလဲနော်" ခုရက်ထဲ ကိုအေးရဲ့အမေကလည်း တရှောင်ရှောင်နဲ့ နေကောင်းလှတယ်မရှိဘူး။ ရသမျှငွေက အမေ့ဆေးဖိုးပဲ မနည်းလောက်ငအောင်သုံးနေရတယ်"

"ကိုအေးရယ်"

(၄)

"ဖိုးအေးရာ နောင်ခါလာ နောင်အခါ ဈေးပေ့ါ၊ ရှည်ရှည်ဝေးဝေးတွေ လျှောက်တွေးနေရင် ဒီတစ်သက် မင်းနဲ့ သည်းဖြူ နီးရမှာမဟုတ်တော့ဘူး"

ချက်ကြီးစကားက မှန်တော့မှန်လေသည်။ သို့သော် ကိုဖိုးအေးက သည်လိုလူစားမျိုးမဟုတ်၊ သူချစ်ရသည့် မိန်းကလေးအား နှစ်ဖက်မိဘကြည်ဖြူစွာပင် သဘောတူမှ တောင်းရမ်းယူချင်သည်။ ချစ်သူကို ဂုဏ်တင့်စေချင်သည်။

"ဒီလိုလုပ်ကွာ မင်းမခိုးရဲရင်နေ၊ ငါတို့သွားခိုးပေးမယ်"

ချက်ကြီးက အတည်ပေါက်ပြောနေသည်။ သူနှင့်မသည်းဖြူကို ချက်ကြီးတင်မှမဟုတ် တစ်ရွာလုံးက လိုက်ဖက်သည်ဟု ဆိုကြသလို နီးစပ်စေချင်ကြသည်။

"မဖြစ်ဘူး ချက်ကြီးရ၊ ဦးလှစိန်အကြောင်း မင်းလည်းသိသားနဲ့ကွာ၊ ပြီးတော့ငါကဘယ်ကိုထွက်ပြေးမလဲ၊နောက်ပြီး ငါ့အမေကကော ဘယ်လိုနေခဲ့မလဲ"

"ဖိုးအေးရာ ငါတို့က မင်းအတွက်စေတနာနဲ့ ကူညီပေးချင်လို့ပြောနေတာ၊ ပြီးတော့ သည်းဖြူကိုယ်တိုင်ကလည်း မင်းကိုလာခိုးခိုင်းနေတာမဟုတ်လား၊ မင်းပဲ သူ့ကို ချစ်တယ်ဆို၊ ချစ်ရင် ဘာမဆိုရင်ဆိုင်ရဲရမှာပေ့ါ"

"ငါ ရင်မဆိုင်ရဲလို့ ပြောနေတာမဟုတ်ဘူး၊ ပြီးတော့ ငါလည်းဖြူနဲ့မခွဲနိုင်ဘူး ဒါပေမဲ့ကွာ"

ကိုဖိုးအေးက စကားကိုဆက်မပြောနိုင်ဘဲ ရပ်ထားသည်။ စီးကျနေသည့် ပါးပြင်ထက်ကမျက်ရည်စတွေကို ပုဆိုးစဖြင့် သုတ်လိုက်သေးသည်။

"မနေ့ကပဲ ငါမရှိတုန်း ဦးလှစိန်အိမ်ကအမေ့ဆီကို လာသွားသေးတယ်တဲ့။ အဲဒါ ငါ့အကြောင်းတွေ ပြောသွားတယ်။ အမေ့ကိုလည်း ပြောဆိုလုပ်သွားတယ်။ အဓိကက ငါနဲ့ဖြူ့ကို ရအောင်တားပေးဖို့ ပြောသွားတယ်။ အမေလည်း ငါ့အတွက် စိတ်ညစ်နေရပြီ ချက်ကြီးရ"

"ဦးလှစိန်မှာ သမီးသုံးယောက်တောင်ရှိတာ၊ အရင်ဆုံး အကြီးမကို ဟိုဘက်ရွာက သူဌေးသား အောင်ကြီးနဲ့ လူကြီးချင်းသဘောတူ စပ်ပြီးပေးစားလိုက်ကြတယ်။ ပြီးလည်းပြီးရော သားမက်က အရက်သမား၊ ဖဲသမား၊ မြင်းပွဲ၊ ကြက်ပွဲ အကုန်လောင်းပြီး ရှိသမျှပိုက်ဆံ အကုန်ဖြုန်းလိုက်တာများ၊ အခုတော့ အကြီးမခင်ဗျာ ဆင်စီးပြီး မြင်းမရံနိုင်ဘဲ ဆင်နင်းပြီး မြင်းကန်သလိုပဲလေ၊ဟောပြီးတော့ နောက်တစ်ယောက်က ထားခင်၊ အလတ်မကိုလည်းကြည့်ဦး၊ ထုံးစံအတိုင်းပဲ သူဌေးသားနဲ့ပဲ ပေးစားပြန်တယ်၊ ဘယ်မှာ ကြာကြာပေါင်းလိုက်ကြရလဲ၊နဂိုကတည်းက လူငယ်ချင်းတစ်ယောက်နဲ့တစ်ယောက်မှ မချစ် မနှစ်သက်ကြတော့ ကွဲကြပြဲကြနဲ့၊ ခုတော့ တစ်ခုလပ်ဘဝကိုရောက်ရော၊ အခုလည်းသည်းဖြူကို ဒီလိုပဲ လုပ်ဦးမှာ၊ မင်းလို ရိုးရိုးသားသားလူကို ကျတော့ သဘောကျရမှန်းမသိဘူး။ ဂုဏ်ငွေမရှိတာနဲ့ပဲ သဘောမတူရတယ်လို့၊ မင်းနေရာမှာ ငါသာဆိုရင် ရွံ့ပြီးယူတယ်"

ချက်ကြီးက ကိုဖိုးအေးကိုကြည့်ရင်း အားမလို အားမရပြောလိုက်ခြင်းဖြစ်သည်။

ထိုနေ့ညက ကိုဖိုးအေး မသည်းဖြူဆီသို့ မသွားဖြစ်ခဲ့ပေ။ မနက်လင်းသည့်အခါ မသည်းဖြူတစ်ယောက် မြို့က အဒေါ်ဖြစ်သူအိမ်သို့ ထွက်ခွာသွားကြောင်း ကြားသိရလေသည်။ ကိုဖိုးအေးကို စိတ်နာကာ အမုန်းကြီးမုန်းသွားလေသည်။ ယနေ့အချိန်အထိ ရွာကိုပြန်မလာတော့ပေ။ အဆက်သွယ်လည်း မရတော့ပေ။ ကိုဖိုးအေးသာ ရွာမှာချန်နေခဲ့ရင်း သူပိုင်ဆိုင်သည့်လယ်လေးအား လုပ်ကိုင်နေထိုင်လျက်ရှိသည်။

(၅)

အချိန်တွေ တဖြည်းဖြည်း ကုန်လွန်လာခဲ့သည်။ နှစ်တွေမည်မျှပင် ကြာခဲ့စေကာမူ ကိုဖိုးအေးသည် မသည်းဖြူကို အမေ့။ သစ္စာရှိရှိ ချစ်မြဲချစ်နေလျက်ရှိသည်။

"ဥသြ ဥသြ ဥသြ"

နှင်းထုဖြင့် မမြင်ရပေသော်ငြား လယ်ထိပ်က လက်ပံပင်ထက်တွင် လွမ်းလွမ်းဆွေးဆွေး သီကျူးနေသည့် ဥသြငှက်၏တွန်သံအား ကြားနေရသည်။ သည်လက်ပံပင်ကြီးသည် ကိုဖိုးအေးလယ်နှင့် ဦးလှစိန်တို့လယ်ကို ခြားနားထားသည့် လယ်ကန်သင်းပေါ်က အပင်ကြီးဖြစ်သည်။ အပင်အောက်၌ ကိုဖိုးအေးနှင့် မသည်းဖြူတို့၏ ပျော်စရာအချိန်လေးများလည်း ရှိခဲ့ကြသည်။ ကိုးနာရီဝန်းကျင်ခန့် ရှိပေလိမ့်မည်။ နွားစာရိတ်ထားသည့် မြက်ပုံများအား ရေတွက်ကြည့်လိုက်သည်။ ပြည့်ချိန်တန်ပြီဖြစ်၍ ရိတ်လက်စကို ရပ်လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ ပတ်ဝန်းကျင်၌ နှင်းများလည်း စဲလုလုရှိပေသည်။ သူသူငါငါ ခပ်လှမ်းလှမ်းဆီသို့ဖြင့် သည်းသည်းကွဲကွဲမမြင်ရသေး။ လွှတ်ကျောင်းထားသည့် နွားများကလှည်းလမ်းနံဘေး၌ ချူသံတလွင်လွင်ဖြင့် မြက်စားနေကြသည်။ ကိုဖိုးအေးက မြက်များကို ခြင်းထဲထည့်ရင်း လှည်းပေါ်တင်ရန် ပြင်လိုက်သည်။

ရုတ်တရက် လက်ပံပင်ဘက်သို့ ကြည့်လိုက်မိသည်။ လက်ပံပင်ရိပ်၌ လူတစ်ယောက် မတ်တတ်ရပ်နေသည်။ အမျိုးသမီးတစ်ဦး၏ ပုံပန်းသဏ္ဌာန်ကို မသည်းမကွဲမြင်လိုက်ရသည်။ ကိုဖိုးအေးဘက်သို့တည်တည်ကြီးကြည့်နေသယောင်ရှိသည်။ ခဏကြာသည့်အခါ ကိုဖိုးအေးရှိရာသို့ လှမ်း၍လာနေသည်။

အနားသို့ရောက်သော် ကိုဖိုးအေး အံ့သြသွားရသည်။ သူနှင့် ဆယ်နှစ်နီးပါး ဝေးကွာနေခဲ့ရသော မိန်းကလေး၊ ကိုဖိုးအေး ချစ်ခဲ့ရသော မသည်းဖြူ။ မသည်းဖြူက မရဲတရဲကြည့်ရင်း ပြုံးပြသည်။ အသားဖြူဖြူ ခပ်ဖိုင့်ဖိုင့်ဖြင့် အရွယ်ရင့်နေပေသော်ငြား ငယ်ရုပ်မပျောက်သေးသည့် မသည်းဖြူအား ကိုဖိုးအေး မှတ်မိသည်။ မသည်းဖြူကလည်း ကိုဖိုးအေးကို မှတ်မိနေသည်။ တစ်ယောက်နှင့်တစ်ယောက် အံ့သြစွာ ကြည့်နေမိကြသည်။

(၆)

"ဖြူ"

ကိုဖိုးအေးနှုတ်ဖျားက ခပ်တိုးတိုးလေး ခေါ်မိသည်။

"ကိုအေး"

ဝမ်းနည်းသံ ရောစွက်နေသည့် မသည်းဖြူထံက အသံလေးကြားလိုက်ရသည်။

"ဖြူ ရွာကိုပြန်ရောက်နေတာလား"

မသည်းဖြူက ခေါင်းလေးညိတ်သည်။ မသည်းဖြူ၏မျက်နှာလေးအား ကိုဖိုးအေးက မမှိတ်မသုန်စိုက်ကြည့်နေသည်။

"ဟင်"

မသည်းဖြူ၏ မျက်ဝန်းထဲက မျက်ရည်များကို ကိုဖိုးအေးမြင်လိုက်ရသည်။ သူ မသည်းဖြူအနား တိုး၍သွားလိုက်သည်။

"ကိုအေး ဖြူ မနေ့ကပဲ ရွာကိုပြန်ရောက်တာ၊ ဒီမြန်မာပြည်ကိုတော့ နှစ်ရက်လောက်ကမှ ပြန်လာဖြစ်တယ်"

"ဟင် ဒါ ဒါဆို ဖြူက"

"ဟုတ်တယ် ဖြူ အဒေါ်သမီးတွေနဲ့ အတူ စင်ကာပူကိုရောက်နေခဲ့တာ။ ဒီရွာကနေ ထွက်သွားတဲ့အချိန်ကတည်းကပဲ"

"ဖြူရယ် ကိုအေးကို ခွင့်လွှတ်ပါနော်။ အဲဒီအချိန်တုန်းက ကိုအေးလေ"

သူ စကားကို ရှေ့မဆက်နိုင်ဘဲ ရပ်ထားလိုက်သည်။ ဘယ်လိုပြောရမည်နည်း။ တွေးနေမိသည်။ မသည်းဖြူ၏မျက်နှာလေးအား ကြည့်နေမိသည်။

"ဖြူ အားလုံးကို နားလည်ခဲ့ပါပြီ။ ခုတော့ ဖေဖေလည်း ဖြူတို့ကို နားလည်သွားပါပြီ"

မသည်းဖြူစကားကြောင့် ကိုဖိုးအေး အံ့သြနေမိသည်။ မသည်းဖြူ ဆက်ပြောလာမည့်စကားအား စောင့်စားနေမိသည်။

"ကိုအေးလည်း အခုအချိန်အထိ အချစ်သစ်မရှာဘဲ ဖြူ့အပေါ်သစ္စာမပျက်စောင့်နေဆဲပဲနော်"

"ဟင် ဖြူ ဖြူဘယ်လိုသိလဲ"

"ညကပဲ ကိုချက်ကြီး အိမ်ကိုလာတာနဲ့ ဖြူနဲ့ ကိုချက်ကြီး စကားပြောရသေးတယ်"

"သြော် အင်း ဒါနဲ့ ဖြူကကော အခု"

ရုတ်တရက် မေးမိပြီးမှ ကိုဖိုးအေးက သူ့စကားကိုသူရှက်နေမိသည်။

"ဖြူလည်း ကိုအေးလိုပဲပေ့ါ၊ အခုအချိန်အထိ အပျိုကြီးပါပဲ"

"ဟင် တကယ်၊ ကိုအေး ဝမ်းသာလိုက်တာ ဖြူရယ်"

မသည်းဖြူစကား မဆုံးခင် ကိုဖိုးအေးက အနားတိုးကာ လက်ကလေးအား ဆွဲကိုင်ထားလိုက်သည်။ ကောင်းကင်၌ နံနက်ခင်း၏ နေရောင်ခြည်က နွေးထွေးစရှိနေသည်။ သို့ထက် ကိုဖိုးအေးနှင့် မသည်းဖြူတို့၏ တစ်ယောက်နှင့်တစ်ယောက် ထွေးဖက်ထားကြသည့် အကြင်နာနွေးထွေးမှုများက ပို၍နွေးထွေးစေသည်။

"ကိုအေး"

"ဟင် ဖြူ ပြောလေ"

"အခုလေ ဖေဖေက ကိုအေးနဲ့ဖြူ့ကို သဘောတူလိုက်ပြီသိလား၊ ပြီးတော့ ဖေဖေကပြောသေးတယ်၊မောင်ဖိုးအေးက လူတော်လူကောင်း တစ်ယောက်တဲ့၊ လူငယ်ဆိုပေမဲ့ လူကြီးမိဘအပေါ်သိတတ်ပြီး ရိုးသားကြိုးစားတဲ့သူတဲ့"

"တကယ်"

"ဟုတ်တယ် ကိုအေးရဲ့၊ ဖြူ့ကိုလည်း ကိုအေးနဲ့ သဘောတူတယ်တဲ့၊ အဲဒါ ဖြူတို့ လူငယ်ချင်း အဆင်ပြေတယ်ဆိုရင် မောင်ဖိုးအေးပြောသလို လူကြီးစုံရာနဲ့ လာတောင်းယူတဲ့"

"ဝမ်းသာလိုက်တာ ဖြူရယ်၊ ကိုအလွန်ဝမ်းသာတာပဲ၊ ဒီနေ့ဟာ ကိုအေးအတွက် အပျော်ဆုံးနေ့ပဲ"

စစ်မှန်သည့် မေတ္တာများဖြင့်စောင့်ထိန်းအပ်သော သစ္စာတရားများကြောင့်ပင် ကိုဖိုးအေးနှင့် မသည်းဖြူတို့ဘဝလေးသည် သာယာချမ်းမြေ့လျက်ရှိပါတော့သည်။ ။

## ကုသိုလ်စိတ်မွေး နေထိုင်ပေး

❍ ရက်လနှစ် အချိန်နာရီ
အလီလီ ပြောင်းလို့သွား။
သင်္ခါရကို လွန်ဆန်မရ
သိကြစေသား။
❍ အိုနာသေ အရှိတရားမို့
ရှုပ်ပွားလို့ ဆင်ခြင်ရာ
နေ့ညခါခါ။
ဖြစ်ပြီးတော့ ပျက်ရမှာ
ဘဝဟာ မတည်မြဲ။
အနိစ္စကို ကိုယ်တိုင်သိ
သတိယှဉ်တွဲ။
❍ ရှင်သန်ရာ ဘဝထဲ
ငါစွဲတို့ ကင်းပါစေ။
မာနကို ခဝါချ
သောကမပွေ။
အမုန်းတရား မရှိလေ
ဒေါသတွေ ထွက်ခွာပြေး။
ကောင်းမှုကို နေ့စဉ်စုလို့
ကုသိုလ်စိတ်မွေး။ ။

ဖိုးပြည့်(ပတ္တမြား)

## ဖေးမကူညီ တွဲလက်ညီ

❍ ရေဘေးသင့် ပြည်သူတွေ
ကူညီစေ မြတ်စိတ်ထား။
ဝိုင်းဝန်းကာ စောင့်ရှောက်လို့
ထောက်ပံ့စို့လား။
❍ ဖြစ်ပွားရာ အရောက်သွား
စုပေါင်းအားနှင့် ဖေးမကူ
မွန်မြတ်စိတ်ဖြူ။
လူသားချင်း စာနာသူ
အေးအတူ ပူအမျှ။
ချစ်မေတ္တာ သဒ္ဓါမိုးတို့
သွန်းဖြိုးရွာချ။
❍ အားငယ်သူ ဝိုင်းကူကြ
လူတို့ဘဝ လှစေရန်။
နှလုံးစိုင် ဂွမ်းဆီထိ
ပီတိပြည့်လျှံ။
ကောင်းမြတ်တဲ့ လမ်းစဉ်မှန်
ရည်စိတ်သန် ဖော်ဆောင်ပေး။
လူသားတွေ အကျိုးတွက်
ဆောင်ရွက်စို့လေး။ ။

မောင်လူစိုး

## ပန်းရောင်စုံသင်း တော်သလင်း

❍ ပင်မြင့်ယံ လေပြည်သွေးတော့
ရနံ့မွှေးမြ သင်းထုံအီ၊
ကနုတ်အသွင် အခက်ဆန်းနှင့်
ထက်နန်းဒေဝီ၊
တော်ဝင်ပန်းအလှ ရွှေသိင်္ဂီ
ထိန်ဝေညီ ရနံ့သင်း၊
ပန်းရင်းမှာ လေပြည်ခတော့
ကြွေကျပြန့်ခင်း။
❍ နီတျာတျာ ရွှေအင်ကြင်းတို့
မြိုင်ယံအတွင်း မွှေးကြူကြူ၊
ခြူးပန်းအသွင် ဝါးရောင်းပန်းက
လန်းဆန်းတစ်မူ၊
တရုတ်စံကားပန်း ဖွေးဖွေးဖြူ
ခူးယူချူ မြတ်စိန္တေမှန်း၊
ရာသီအချိန် ပန်းစုံဖူးလို့
ထူးမြတ်လှူဒါန်း။
❍ အုံ့မှိုင်းကာ တိမ်ပြာတန်းက
လိမ်ကာယှက်သန်း အာကာပြင်၊
ပဇ္ဇုန်ရှင် မာန်ထောင်ငြိုးလို့
မိုးသက်လေနှင်၊
အင်းအိုင်မြစ်ချောင်း ကန်ရေပြင်
လျှံကာပင် နေရာအနှံ့၊
ပန်းရောင်စုံ လေယူခွင်းတော့
မွှေးကြူသင်းပျံ့။ ။

ပန်းမာလာ

ဆောင်းပါး

# ယောနိသောမနသိကာရနှင့် ရောင့်ရဲခြင်း

**မောင်စိတ်ကောင်း**

မိမိသည် အင်တာနက်ကြည့်ရင်းဖြင့် ဆရာကြီး လယ်တွင်းသားစောချစ်၏ ဟောပြောချက်ဗီဒီယို အပိုင်းလေးတစ်ပုဒ်ကို သဘောကျ၍ ဖုန်းထဲမှာ သိမ်းထားလိုက်မိပါသည်။ ဆရာကြီးဟောပြောသည့် အကြောင်းအရာမှာ ရောင့်ရဲခြင်းနှင့် ယောနိသော မနသိကာရ(အသင့်အတင့်နှလုံးသွင်းမှု) သဘောတရားကို ဟောပြောခြင်းဖြစ်ပါသည်။ ဟောပြောပုံမှာ "မင်းဘဝမှာပျော်ပျော်ရွှင်ရွှင် နေတတ်ပါစေ၊ ရည်မှန်းချက်တွေကြီးပြီး ဘာရမှ၊ ညာရမှ ပျော်မယ်ဆိုတဲ့ စိတ်မျိုးမမွေးဘဲ၊ ယခုလက်ရှိ ပစ္စုပ္ပန်အခြေအနေကိုလည်း ကျေနပ်အောင်နေတတ်ပါစေ၊ ကော်ဖီလေး တစ်ခွက်သောက်ရရင်၊ ကော်ဖီလေးတစ်ခွက် သောက်ရတာကို ပျော်ပါ။ ကော်ဖီသောက်ရတာကို မတင်းတိမ်ဘဲ ရေခဲမုန့်စားချင်ပြီလို့ဆိုလျှင် မင်း ဆင်းရဲသွားပြီတဲ့" ဒါကဘာလဲဆိုရင်ရောင့်ရဲခြင်း၊ တစ်နည်းအားဖြင့် ယောနိသောမနသိကာရဖြစ်တယ် ဆိုသည့်အကြောင်း ဟောပြောထားသည်။ ဆက်လက်၍ ဆရာကြီးက "ရောင့်ရဲတယ်ဆိုပြီး ဘာမှမလုပ်ဘဲ ထိုင်ချည်းနေတော့မယ်ဆိုလျှင်လည်း မင်းဟာ လူညံ့ ဖြစ်သွားပြီး အဲလိုလူမျိုးတွေများလာရင် တိုင်းပြည် ပျက်စီးမယ်၊ ဆင်းရဲမယ်၊ အဲလိုလည်းမနေရဘဲ ဒီထက် တိုးတက်အောင်လည်းကြိုးစားရမယ်" ဆိုသည့် အကြောင်းကို ဟောပြောပါသည်။ ဆရာကြီး ပြောသော စကားများသည် အလွန်မှတ်သားစရာ ဖြစ်၍ ကျွန်ုပ်အနေဖြင့် အတွေးတစ်ခုဝင်လာမိပါတော့သည်။

လူသားတိုင်းတွင် ဖြစ်ချင်သောဆန္ဒ၊ လိုချင်သော အရာများ အများအပြားရှိတတ်ကြပါသည်။ ထိုလိုအပ်ချက်များကို ပြည့်စုံအောင်လည်း အပတ်တကုတ်ကြိုးစားနေကြရပါသည်။ လိုအပ်ချက်များစွာကို ဖြည့်ရင်းဖြည့်ရင်း ပြည့်မသွားဘဲ သေဆုံးသည့်အချိန်ထိအောင် နေထိုင်သွားရမည်မှာလည်း လောကနိယာမ သဘောတရားတစ်ခုဖြစ်နေပါသည်။ စီးပွားဥစ္စာရှာရသူချင်းအတူတူ ယောနိသောမနသိကာရ(အသင့်တင့်နှလုံးသွင်းခြင်း)ရှိသူ၊ မရှိသူသည် အလွန်မှကွာခြားပါသည်။ လူများစွာတို့တွင် ရည်မှန်းချက်၊ အိပ်မက်များရှိကြပါသည်။ ထိုရည်မှန်းချက်များနောက်ကိုလိုက်ရာ၌ အမောတကောနှင့် မာရသွန်ပြေးသလိုလိုက်နေရင် ဟတ်ထိုးလဲဖို့ပဲရှိပါသည်။ မိမိလက်ရှိရောက်နေသော အခြေအနေကိုလည်း ကျေနပ်ဖို့အထူးလိုအပ်သည်။ သို့မှသာ စိတ်ချမ်းသာမည်ပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် မိမိသည် ချမ်းသာသောသူဌေးဖြစ်ချင်သည်ဆိုပါစို့၊ နည်းမှန်လမ်းမှန်ဖြင့် အလုပ်ကြိုးစားပါ၊ ထို့နောက် ငွေကြေးစုဆောင်းပါ၊ ရင်းနှီးမြှုပ်နှံပါ။ ဆက်လက်၍ စီးပွားရေးတိုးချဲ့လုပ်ကိုင်ပါ၊ စသည့်အလုပ်များကို တစ်ဆင့်ချင်း လုပ်ကိုင်ဆောင်ရွက်ရမည်။ အပြောလွယ်၊ အရေးလွယ်ပေမယ့် လက်တွေ့တွင် အချိန်ပေးရမည်။ စိတ်ရှည်ရမည်။ အလုပ်ကြိုးစားပြီး ငွေကြေးစုဆောင်းနေချိန်တွင် လက်ရှိငွေကြေးရရှိမှုအပေါ်မှာ မကျေနပ်နိုင်၊ မရင်းနှီးနိုင်သေးလို့၊ စီးပွားရေးမတိုးချဲ့နိုင်သေးလို့ စသည့်မကျေနပ်စိတ်များနှင့် နေ့စဉ်ဖြတ်သန်းနေပါက စိတ်မချမ်းသာစရာများသာ ကြုံနေရမည်ဖြစ်သည်။ လက်ရှိဖြစ်တည်နေသော အခြေအနေကိုလည်း ရောင့်ရဲနိုင်အောင်၊ ကျေနပ်အောင် အသင့်အတင့် နှလုံးသွင်းပါ။ ဆက်လက်၍လည်း တိုးတက်အောင် ကြိုးစားပါ ဆိုသောစကားမှာ လိုက်နာစရာစိတ်အခြေအနေတစ်ခုပင်ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် ရောင့်ရဲခြင်းနှင့် ပျင်းရိခြင်းကို ရောထွေးနေတတ်ကြသည်ဟူ၍ ပါမောက္ခချုပ် ဆရာတော်ကြီး ဟောကြားဖူးသည်ကို သတိရမိပါသည်။ ရောင့်ရဲခြင်းဆိုသည်မှာ အရှင်းဆုံးပြောရလျှင် ကြေးမများတာ၊ ရှိတာလေးနဲ့ ကျေနပ်တာကို ခေါ်ဆိုခြင်းဖြစ်ပြီး ပျင်းရိခြင်းသည် ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ချင်၊ ရေသာခိုခြင်းပင်ဖြစ်သည်။ "ငါတို့က ရှိတာလေးနဲ့ကျေနပ်တယ်ဟေ့ ရောင့်ရဲတယ်၊ ဘာမှ မလိုချင်ဘူး" ဟူသောသူများသည် တိုးတက်မည် မဟုတ်၊ ဒုံရင်းဒုံရင်းအတိုင်းသွားမည့် လူမျိုးသာ ဖြစ်ပါသည်။ ဆရာကြီးလယ်တွင်းသားစောချစ် ပြောသလို ရောင့်ရဲသည့်စိတ်ထားလည်းရှိရမည်၊ တိုးတက်အောင်လည်း ကြိုးစားရမည်ဖြစ်ပါသည်။

လူများစွာတို့သည် ယောနိသောမနသိကာရမရှိ၍ အရေးမပါသည့်ကိစ္စ အသေးအမွှားကလေးကိုပင် စိတ်ဆိုးခြင်း၊ မကျေနပ်ခြင်းများ ဖြစ်တတ်ကြသည်။ ဥပမာအားဖြင့် ယခုလိုမိုးတွင်းကာလ အဝတ်လျှော်၍ နေပူလှန်းလျှင် မိုးရွာလိုက်၊ မိုးတိတ်လိုက် ဖြစ်စဉ်များကြောင့် အဝတ်အစားများ ထုတ်လှန်းလိုက်၊ သိမ်းလိုက်နှင့် စိတ်မရှည်နိုင်ဘဲ စိတ်တိုခြင်းမျိုး၊ ကားမှတ်တိုင်တွင် ကားစောင့်ရတာစိတ်မရှည်ခြင်းမျိုး၊ ကားကျပ်၍ စိတ်မရှည်ခြင်းမျိုး၊ စသည့်အသေးအမွှားလေးများကိုပင် စိတ်ဆိုးဒေါသဖြစ်တတ်ကြပါသည်။ ထိုစိတ်တိုစိတ်ဆတ်ခြင်းမျိုး မကြာခဏဖြစ်ပွားလာပါက အလေ့အကျင့်ဖြစ်ပြီး နောက်ပိုင်းတွင် စိတ်ဆိုးဒေါသထွက်လွယ်သူဖြစ်တတ်သည်။ ထိုသို့မဖြစ်ရအောင် ယောနိသောမနသိကာရဆိုသည်ကို နှလုံးသွင်းတတ်ရမည်ပင်ဖြစ်သည်။ "ရာသီဥတုဆိုတာ သူ့သဘာဝအတိုင်းဖြစ်တာပဲ၊ ကိုယ်မှလုပ်ယူ၍ မရတာ၊ ပူလိုက်အေးလိုက်ဖြစ်နေမှာပဲ၊ ကိုယ့်ကိစ္စက အဝတ်လျှော်ပြီး ခြောက်အောင်လှမ်းရမှာပဲ၊ ကားတွေက သူ့အချိန်နဲ့သူ လာကြတာပဲ ရောက်ချိန်တန်ရင်ရောက်မှာပေါ့ ကိုယ်ကဘာတတ်နိုင်မလဲ စောင့်ရမှာကိုယ့်တာဝန်ပဲ၊ ကားတွေကျပ်တာ ကိုယ်တစ်ယောက်တည်းမှမဟုတ်တာ၊ ကားစီးတဲ့သူတွေ လမ်းပေါ်ကကားတွေ အကုန်ကျပ်နေကြတာပဲ" စသည့် ယောနိသောမနသိကာရဆိုသော စိတ်ထားမျိုးဖြင့်နေလျှင် လက်တွေ့တွင် စိတ်ချမ်းသာမှုအကျိုးကျေးဇူးအရင်ခံစားရမည်။ ဒေါသစိတ်သည်လည်း လျော့မလာတောင် တိုး၍မသွားနိုင်တော့ပေ။ ထိုသို့ ယောနိသောမနသိကာရ၊ အသင့်အတင့်နှလုံးသွင်းခြင်းသည် လက်တွေ့ အလေ့အကျင့်လုပ်ထားသင့်သော စိတ်လေ့ကျင့်ရေးလုပ်ငန်းတစ်ခုပင်ဖြစ်ပါသည်။

ယောနိသောမနသိကာရ စိတ်ထားတတ်ခြင်းသည် မည်သည့်ကိစ္စမျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ လောကဓံတရားကို အတော်အသင့်သည်းခံနိုင်စွမ်းရှိပြီး ပြဿနာများကိုလည်း စိတ်တည်ငြိမ်စွာဖြင့် ဖြတ်သန်းနိုင်ပါသည်။ ယနေ့ခေတ်အခြေအနေသည် အလွန်တိုးတက်မြန်ဆန်နေသော အိုင်တီနည်းပညာများ၊ အင်တာနက်၊ ရုပ်ဝတ္ထုပစ္စည်းအသစ်အဆန်းများ စသည်တို့ တစ်ဖက်မှတိုးတက်နေသလောက် စိတ်ဖိစီးမှုဒဏ်များသည်လည်း တဖြည်းဖြည်း တိုးတက်လာလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် လူတို့၏စိတ်သည် ထိုအာရုံအသစ်အဆန်းများ၏ နောက်သို့ တရစ်ဝဲဝဲဖြင့် စွဲကပ်နေ၍ မလွန်ဆန်နိုင်သကဲ့သို့ရှိသည်။ ထိုအခြေအနေများကြောင့် ပစ္စည်းအသစ်အဆန်းများကို လိုချင်လာမှု၊ ရချင်လာမှု၊ မရရအောင် အားထုတ်လာတော့သည်။ လူတို့သည် ပုံမှန်အားဖြင့်ဆိုရလျှင် စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး၊ ဆေးဝါး စသည့်အခြေခံလိုအပ်ချက်များ ပြည့်စုံလျှင် လူ့လိုအပ်ချက်များ လုံလောက်မှုရှိပါသည်။ ယခုတိုးတက်နေသောခေတ်တွင် ထိုအခြေခံလိုအပ်ချက်များသာမက ဖုန်းဘေဖိုး၊ ဆိုင်ကယ်ဆီဖိုး၊ ကားဆီဖိုး၊ အင်တာနက်ဖိုး စသည့်လူ့လိုအပ်ချက်များပါ ဖြည့်ဆည်းနေရ၍ ယင်းလိုအပ်ချက်များ များပြားလာသည်နှင့်အမျှ ယခင်ခေတ်ကာလများထက် ဝင်ငွေရရှိရန်ပို၍ လိုအပ်လာကြသည်။ ထိုနည်းတူ အပြိုင်အဆိုင်များသည်လည်း ပေါ်များလာပါသည်။ တစ်ကိုယ်ရေ တစ်နိုင်တစ်ပိုင်စီးပွားရေးမှသည် နိုင်ငံတကာနှင့်ယှဉ်၍ ပြိုင်ဆိုင်မှုများဖြစ်လာကြသည်။ တစ်ဖက်တွင်ကြည့်ပြန်လျှင် အပြိုင်အဆိုင်ရှိမှ တိုးတက်သည်မှန်သော်ငြားလည်း တစ်ဖက်တွင် စိတ်မကျေနပ်မှုများ၊ အမုန်းတရားများ၊ မနာလိုမှုများ၊ အငြိုးအာဃာတများဖြင့် ပူလောင်လာပါတော့သည်။ ထို့ကြောင့် ယင်းစိတ်အခြေအနေများမှ ရုန်းထွက်နိုင်အောင် ယောနိသောမနသိကာရ (အသင့်အတင့်နှလုံးသွင်းခြင်း)ဆိုသော စိတ်ထားသည် ယခုခေတ်အခြေအနေတွင် အလွန်လိုအပ်လျက်ရှိသော စိတ်လေ့ကျင့်ခန်းတစ်ခု ဖြစ်ပါသည်။

အချုပ်အားဖြင့် ထိုသို့အသင့်အတင့်နှလုံးသွင်းနိုင်ရန် ဆရာကြီးလယ်တွင်းသားစောချစ်ဆိုသလို မိမိလက်ရှိပိုင်ဆိုင်ထားသော အရာများအတွက်လည်း ကျေနပ်ပါ၊ ပျော်ရွှင်ပါ၊ ရောင့်ရဲတတ်ပါစေ။ သူများအဆင်ပြေတာ၊ ကြီးပွားတိုးတက်တာကိုလည်း အားကျပါ။ သို့သော် မနာလိုစိတ်မမွေးပါနှင့်။ သူ့လိုကြိုးစားချင်စိတ်ဖြစ်အောင်၊ ဝီရိယထားနိုင်အောင် နှလုံးသွင်းပါ။ မိမိဘဝကိုလည်း ဒီအခြေအနေဖြင့်ရပ်မနေဘဲ ဒီထက် တိုးတက်အောင် ကြိုးစားအားထုတ်ပြီးလည်းနေပါဟူ၍ အကြံပြုရေးသားလိုက်ရပါသည်။ ။



# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကိုစာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## တရားဟောကောင်းတဲ့ ဖောင်ပြင်ဆရာတော်




ဓမ္မဝီရ ဒေါက်တာ အရှင်တေဇနိယရေးသားသည့် တရားဟောကောင်းတဲ့ ဖောင်ပြင်ဆရာတော် (ရဟန်းလောက၊ စာသင်သားဘဝ ဖြစ်ရပ်မှန်ဟာသများ)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တရားဟောကောင်းတဲ့ ဖောင်ပြင်ဆရာတော်၊ ကိုရင်သောဘိတ၊ ဦးတိလောကပေးတဲ့ ဘုန်းကြီးစေသော အစီအရင်၊ သီရိလင်္ကာကေ၊ ဦးဇင်းလေးနဲ့ အပျိုကြီးတို့ရဲ့ နှုတ်ခမ်းပွဲဇာတ်လမ်း၊ ရုပ်ရှင်ရုံထဲက ထွက်ပြေးတဲ့ကိုရင်၊ ဂုရုကြီး ကောဖီဒေနဟယ်…၊ လူမထွက်စေတဲ့နည်း၊ ဘုန်းကြီးလုပ်သလို လိုက်လုပ်ကြ၊ ဘုန်းကြီးလူထွက်ငှားချင်လို့ပါ၊ အရှင်သာရိပုတ္တရာနှင့် ဘဒ္ဒန္တစန္ဒိမာ၊ လူပျံတော်ရဲ့ ရည်းစားစာ၊ အရိုအသေပေးတာပါ ဘုရား၊ ဘုန်းဘုန်းပရိသတ် ဟိန်းဝေယံ စသည့် ဟာသ ၂၆ ပုဒ်ပါရှိပါတယ်။

သောကတွေ၊ ဒေါသတွေ၊ မာနတွေ၊ အဆင်မပြေမှုတွေနဲ့ လုံးထွေးသတ်ပုတ်နေရလို့ ပင်ပန်းမောလျ ခြေကုန်လမ်းပန်းကျနေတဲ့ အတ္တကမ္ဘာလူတို့ရွာမှာ စာရေးသူရဲ့ တရားဟောကောင်းတဲ့ ဖောင်ပြင်ဆရာတော် (ရဟန်းလောက၊ စာသင်သားဘဝ ဖြစ်ရပ်မှန် ဟာသများ) ဆိုတဲ့ စာအုပ်လေးက ဘဝအမောကို ခဏလောက်လေးပဲဖြစ်ဖြစ် ပြေပျောက်စေမယ့်အပြင် ပြုံးလည်းပြုံး ရယ်လည်းရယ်နိုင်ကြပြီး အသက်ရှည်ကြပါစေဟု စာရေးသူက ဆိုထားပါတယ်။

စာအုပ်ကို ပျိုးခင်းစာပေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်း ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၀၉၀၃၉၆၉ နှင့် ၀၉ ၆၅၀၅၆၆၆၄ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## မနှင်းဖြူ




မေတ္တာရှင်(ရွှေပြည်သာ) ရေးသားသည့် မနှင်းဖြူ(ဒုတိယတွဲ) စာအုပ် ထွက်ရှိလာသည်။

စိတ်လှတယ်ဆိုတာ အများအကျိုးနဲ့ ကိုယ့်အကျိုးယှဉ်လာရင် အများအကျိုးကို ဦးစားပေးတာ၊ အမှန်နဲ့အမှားယှဉ်လာရင် လူမျိုးစွဲ၊ ဘာသာစွဲ၊ အဖွဲ့အစည်းစွဲ၊ နိုင်ငံစွဲမရှိဘဲ မှန်တဲ့ဘက်ကရပ်တည်ရဲတာကို ခေါ်တယ်။ အဲဒါကို စိတ္တသတ္တိလို့လည်းခေါ်တယ်၊ ရုပ်လှပြီး စိတ်မလှတဲ့ သူဟာသိုးနေတဲ့အသားဟင်းလိုပဲ ဘယ်သူမှစားသုံးလို့မရဘူးတဲ့၊ ရုပ်မလှပေမယ့် စိတ်လှတဲ့သူကတော့ ပူပူနွေးနွေးချက်ပြီးကာစ အသီးအရွက်လိုပဲ လူတိုင်းစားသုံးလို့ရတယ်။

ယင်းစာအုပ်တွင် မနှင်းဖြူနှင့် ဝါဆိုသင်္ကန်းအလှူ၊ မနှင်းဖြူနှင့် အိမ်ထောင်ရေးသင်ခန်းစာ၊ မနှင်းဖြူနှင့် ပန်းဝတ်ရည်ကို သောက်သုံးလိုသော ပျားပိတုံးများ၊ မနှင်းဖြူနှင့် ဒုတိယအကြိမ် ထမင်းစားကျွန်ခံဘဝ၊ ညောင်စေ့လောက်ရေအလှူအစွမ်း၊ မနှင်းဖြူနှင့် ဒုတိယအကြိမ် ကြုံရသော မုဒိမ်းအန္တရာယ်၊ မနှင်းဖြူနှင့် မဲဆောက်စွန့်စားခန်းများ၊ မနှင်းဖြူနှင့် သစ္စာတန်ခိုးတော်များနှင့် မနှင်းဖြူနှင့် အမြင်မှန်ငါးမျိုး စသည့်အကြောင်းအရာ ကိုးမျိုးကို စိတ်ဝင်စားဖွယ်ရေးသားထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရွှေပြည်သာစာပေ၊ အမှတ် (၂၅)၊ မြေညီ၊ ဓမ္မဒါနလမ်း၊ ငွေကြွယ်(က)ရပ်ကွက်၊ မလွကုန်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၄၁၂၀၂၁၂ နှင့် ၀၉ ၄၄၃၃၅၉၀၆၀ တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

## အကျည်းတန်ချစ်သူနှင့် အခြားဝတ္ထုတိုများ




မဂေါ်ဇီရေးသားသည့် အကျည်းတန်ချစ်သူနှင့် အခြားဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

နွမ်းပါးသူတို့၏အလှကား အန္တရာယ်များလှ၏။ အေးမြအချစ်ကိုလိုချင်သူများထဲ ကောင်းတာရောဆိုးတာပါ ဒွန်တွဲ၍ အေးမြရှေ့ရေးကို အမေစိတ်မချ။ အားကိုးအားထား ရှိစေချင်သည်။ ရေရှည် အေးမြကို သည်းခံခွင့်လွှတ်မည့် ရိုးသားသော ကိုစောမောင်နှင့် သဘောတူနေ၏။ အမေစိတ်ချမ်းသာစေရန် လက်ထပ်ခဲ့ရသည်။

မင်္ဂလာဆောင်သည့်နေ့တွင် ကိုစောမောင်က အေးမြကို မေးသည်။"ကိုယ့်ကိုချစ်မှ ချစ်ရဲ့လား အေးမြရယ်"

"အဲ့ဒီမေးခွန်းကို အေးမြကိုမမေးပါနဲ့၊ အရှင်းဆုံးပြောရရင် အမေသဘောတူတာရယ်၊ အားကိုးအားထားအနေနဲ့ရယ်ယူခဲ့တာ၊ အေးမြဘဝကို တကယ်နားလည်ခွင့်လွှတ်နိုင်မှ ယူပါ ကိုစောမောင်"

အေးမြမဖြေချင်ရင်မဖြေပါနဲ့၊ ကိုယ့်ကိုလက်ခံတာကိုပဲ ကျေနပ်ရမှာပါ၊ အေးမြ စိတ်ချမ်းသာသလိုနေနော်၊ သူက အေးမြဇာတ်လမ်းကိုသိထားသည်။ အေးမြထက် ရှစ်နှစ်ကြီး၏။ အေးမြချစ်သူက ကိုလူချော။ ကိုစောမောင်က အကျည်းတန်၏။

အေးမြတို့ယူပြီး နှစ်နှစ်အကြာ အေးမြ သားဦးကိုယ်ဝန်လွယ်ထားချိန် အမေကင်ဆာရောဂါနှင့်ကွယ်လွန်ခဲ့သည်။ သားကြီးမွေးပြီး တစ်နှစ်ခွဲအရွယ်တွင် ရွာမှာနေဖို့ ဘယ်လိုမှ အဆင်မပြေတော့။ စိုက်ပျိုးစရိတ်တွေကမြင့်၊ မိုးလေဝသက မကောင်း၊ သီးနှံဈေးတွေကကျနှင့် တောင်သူလုပ်ငန်းမှာခက်ခဲလာ၍ ကိုစောမောင်တို့ဆွေမျိုးများရှိရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။

စာအုပ်ကို ဒေါ်မြင့်မြင့်ကြည် အထကဆိပ်ဖြူ။ ဖုန်း-၀၉ ၄၀၁၆၅၆၅၉၄ မှ တန်ဖိုးငွေကျပ် ၈၅၀၀ ဖြင့် ဖြန့်ချိသည်။

## နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်







## ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် အသက်(၂၅)နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၂၄ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် အသက်(၂၅)နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့် ဧည့်သည်တော်များက သန်လျင်ခရိုင်နှင့် ကျောက်တံတားခရိုင်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအားကစားသမားဆုရ သန်လျင်ခရိုင်အသင်းမှ ကျော့နံပါတ်(၄) ဥက္ကာရှိန်အား ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစံကျော်ကလည်းကောင်း၊ တတိယဆုရရှိသည့် အလုံခရိုင်အသင်းအား မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးရဲအောင်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် သန်လျင်ခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး ဘတ်စကက်ဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ကလည်းကောင်း၊ ပထမဆုရရှိသည့် ကျောက်တံတားခရိုင်အသင်းအား တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးကလည်းကောင်း ဆုများပေးအပ်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ခရိုင် ၁၄ ခုမှ ဘတ်စကက်ဘောအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

တိုင်းကျော်(ပြန်/ဆက်)

■ လေဖိအားနည်းဆဲလ်မှ

အရှိန်ကြောင့် ယနေ့ညနေမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာကာ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

### ယနေ့ညနေမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ









နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း ဦးဆောင်၍ စက်တင်ဘာ ၂၁ ရက် နံနက် ၆ နာရီက ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ချောင်းဆုံအနောက်ရပ်ကွက်ရှိ ရွှေမြင့်မိုရ်တောင်ကိုးခန်းကြီးဘုရား ရင်ပြင်တော်တွင် ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းနေဝင်း၏ ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက အထက(၁) ကျောင်းဝင်းအတွင်းရှိ မြက်များ၊ ချုံနွယ်များနှင့် အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။

ချစ်စုဝေ(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး ရသစာပေစာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးတို့အတွက် ရသစာပေ စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် အသင်းနာယက ဆရာကြီးများဖြစ်ကြသော ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် ဦးသက်တင် (မောင်သာတင့်)တို့က အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြင့်တင်ရေးနှင့် စာတတ်သူများ စာဖတ်ရေးတို့အတွက် ယခုလို ရသစာပေ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာ ရွှေမော် - သန်းထိုက်က လင်းအောင်တင် ရေးသားသည့် "ငါ့အတွက် ငါရှိတယ်"စာအုပ်အကြောင်း၊ အောင်ငယ်စစ် (အင်းစိန်)က မြန်မာစာပေ ရသကိုးမျိုးနှင့် ရသစာပေများအကြောင်း၊ ခင်ခင်လှ(အင်းစိန်)က ကျွန်မဖတ်ခဲ့ရသော ဂန္ထဝင်ရသစာပေများ အကြောင်းနှင့် မောင်ရွှေမန်း(အင်းစိန်)က ရသစာပေ၏ အရေးအသား၊ အတွေးအမြင်များ အကြောင်းတို့ကို ပြောကြားကြသည်။

ဉာဏ်ဟိန်း

## သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်လှစ်ပို့ချနေမှု ကြည့်ရှု

**တွံတေး စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက် သင်တန်း ဖွင့်လှစ်ပို့ချနေမှုကို စက်တင်ဘာ ၂၁ ရက်က တွံတေးခရိုင် ခရိုင်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်ထူးနှင့် မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီအဖွဲ့များ လာရောက်ကြည့်ရှုခဲ့သည်။

အဆိုပါသန်းခေါင်စာရင်းကောက်ယူရေးသင်တန်းကို သင်တန်းသားသင်တန်းသူ ၂၁၄ ဦးတို့အား သင်တန်းနည်းပြ ၁၆ ဦးတို့က မြို့နယ်



သန်းခေါင်စာရင်းကောက်ယူရာတွင် ဆောင်ရွက်ရမည့် အချက်အလက်များကို သက်ဆိုင်ရာသင်ခန်းစာခေါင်းစဉ်အလိုက် စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

တွံတေးသား

## ကျွန်းစုမြို့၌ ဆိုင်ကယ်စက်ပြင်သင်တန်းဆင်းပွဲ ကျင်းပ

**ကျွန်းစု စက်တင်ဘာ ၂၁**

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာ ဆိုင်ကယ်စက်ပြင်သင်တန်းဆင်းပွဲကို ယမန်နေ့က ကပကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းသန္တာက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၅ ဦးဖြင့် တစ်လကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြား ပေးခဲ့ခြင်းဖြစ်ရာ သင်တန်းသား ထူးချွန်ဆု၊ သင်တန်းဆင်းလက်မှတ်များနှင့် အမှတ်တရ လက်ဆောင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ဌာနဆိုင်ရာများက Smart Village ကျေးရွာနှင့် ပတ်သက်သည့် သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်

# မော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စု နတ်ရဲကွင်းကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မူကြိုကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၂ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက် ပင်မမော်တော်ယာဉ်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃၁ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M–5 & M–6 ရှိ ရတနာစီမံကိန်းတို့တွင် Geophysical Site Survey လုပ်ငန်းများအား Survey Vessel, SMS RADIANCE (Call Sign: JZPW)ရေယာဉ်ဖြင့် ၁၂–၁၀–၂၀၂၄ ရက်နေ့မှ ၂၀–၁၁–၂၀၂၄ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

Geophysical Site Survey လုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**(က) ကမ်းလွန်လုပ်ကွက် M–9 ရှိ Proposed Well Location –**

| Point | Latitude | Longitude |
|---|---|---|
| GSI Zawtika 21 | 14 ˚ 27' 18.58712" N | 95 ˚ 34' 56.27678" E |

**( ခ ) Proposed Well Location ၏ Survey Boundary တည်နေရာများ–**

| Point | Latitude | Longitude |
|---|---|---|
| Corner–1 | 14 ˚ 26' 20.8507" N | 95 ˚ 36' 25.2989" E |
| Corner–2 | 14 ˚ 28' 55.8981" N | 95 ˚ 35' 34.5378" E |
| Corner–3 | 14 ˚ 28' 16.3137" N | 95 ˚ 33' 27.2420" E |
| Corner–4 | 14 ˚ 25' 41.2745" N | 96 ˚ 34' 18.0247" E |

**( ဂ ) ကမ်းလွန်လုပ်ကွက် M–9 ရှိ Platform Location တည်နေရာများ–**

| Point | Latitude | Longitude |
|---|---|---|
| Zawtika–40 toZWP–16 | 14 ˚ 19' 55.123 " N | 95 ˚ 39' 24.025" E |
| Zawtika–40 to ZWP–14 | 14 ˚ 06' 42.538 " N | 95 ˚ 41' 17.731" E |
| Zawtika–38 to ZWP–8 | 14 ˚ 21' 55.698 " N | 95 ˚ 45' 24.878" E |
| Zawtika–35 to PLEM 7 | 14 ˚ 13' 40.842 " N | 96 ˚ 50' 50.052" E |

**(ဃ) Platform Location ၏ Connection Location များ–**

| Point | Latitude | Longitude |
|---|---|---|
| A | 14 ˚ 15' 21.546 " N | 95 ˚ 33' 25.294" E |
| B | 13 ˚ 59' 54.995 " N | 95 ˚ 47' 41.201" E |
| C | 14 ˚ 19' 04.363 " N | 95 ˚ 50' 21.525" E |
| D | 14 ˚ 11' 25.639 " N | 96 ˚ 02' 40.404" E |

**( င ) ကမ်းလွန်လုပ်ကွက် M–5/M–6 ရှိ Proposed Well Location များ–**

| Point | Latitude | Longitude |
|---|---|---|
| M5–Exp C1 | 15 ˚ 07' 45.0747" N | 94 ˚ 10' 10.4771" E |
| M5–Exp C2 | 15 ˚ 02' 50.2166" N | 94 ˚ 06' 00.3966" E |
| M6–Exp CA | 15 ˚ 22' 57.9113" N | 95 ˚ 13' 59.3316" E |
| M6–Exp CF | 15 ˚ 17' 06.0119 " N | 95 ˚ 09' 29.1865" E |

**( စ ) Proposed Well Location ၏ Survey Boundary တည်နေရာများ–**

| Point | Latitude | Longitude |
|---|---|---|
| M5–Exp C1 ၏ (Corner 1) | 15 ˚ 07' 43.6105" N | 94 ˚ 08' 36.3308" E |
| M5–Exp C1 ၏ (Corner 2) | 15 ˚ 06' 43.4833" N | 94 ˚ 10' 35.1285" E |
| M5–Exp C1 ၏ (Corner 3) | 15 ˚ 08' 38.8835" N | 94 ˚ 11' 37.0394" E |
| M5–Exp C1 ၏ (Corner 4) | 15 ˚ 09' 39.0181" N | 94 ˚ 09' 38.2264" E |
| M5–Exp C2 ၏ (Corner 1) | 15 ˚ 01' 58.2383" N | 94 ˚ 04' 25.9506" E |
| M5–Exp C2 ၏ (Corner 2) | 15 ˚ 00' 58.1433" N | 94 ˚ 06' 24.7069" E |
| M5–Exp C2 ၏ (Corner 3) | 15 ˚ 02' 53.5559" N | 94 ˚ 07' 26.5564" E |
| M5–Exp C2 ၏ (Corner 4) | 15 ˚ 03' 53.6583" N | 94 ˚ 05' 27.7849" E |
| M6–Exp CA ၏ (Corner 1) | 15 ˚ 21' 52.5888" N | 95 ˚ 12' 52.4887" E |
| M6–Exp CA ၏ (Corner 2) | 15 ˚ 21' 53.0505" N | 95 ˚ 15' 06.6509" E |
| M6–Exp CA ၏ (Corner 3) | 15 ˚ 24' 03.2286" N | 95 ˚ 15' 06.1861" E |
| M6–Exp CA ၏ (Corner 4) | 15 ˚ 24' 02.7685" N | 95 ˚ 12' 52.1861" E |
| M6–Exp CF ၏ (Corner 1) | 15 ˚ 16' 00.6991" N | 95 ˚ 08' 22.3967" E |
| M6–Exp CF ၏ (Corner 2) | 15 ˚ 16' 01.1728" N | 95 ˚ 10' 36.4950" E |
| M6–Exp CF ၏ (Corner 3) | 15 ˚ 18' 11.3497" N | 95 ˚ 10' 35.9870" E |
| M6–Exp CF ၏ (Corner 4) | 15 ˚ 18' 10.8448" N | 95 ˚ 08' 21.8666" E |

**(ဆ) Proposed Well Location များ–**

| Point | Latitude | Longitude |
|---|---|---|
| A | 15 ˚ 07' 45.2477" N | 94 ˚ 10' 10.5144" E |
| B | 15 ˚ 02' 50.3901" N | 94 ˚ 06' 00.4342" E |
| C | 15 ˚ 22' 58.0827" N | 95 ˚ 13' 59.3639" E |
| D | 15 ˚ 17' 06.1839 " N | 95 ˚ 09' 29.2191" E |

**( ဇ ) Proposed Well Location ၏ Survey Boundary တည်နေရာများ–**

| Point | Latitude | Longitude |
|---|---|---|
| Point A ၏ (Corner 1) | 15 ˚ 07' 43.7835" N | 94 ˚ 08' 36.3682" E |
| Point A ၏ (Corner 2) | 15 ˚ 06' 43.6564" N | 94 ˚ 10' 35.1658" E |
| Point A ၏ (Corner 3) | 15 ˚ 08' 39.0564" N | 94 ˚ 11' 37.0766" E |
| Point A ၏ (Corner 4) | 15 ˚ 09' 39.1910" N | 94 ˚ 09' 38.2638" E |
| Point B ၏ (Corner 1) | 15 ˚ 01' 58.4119" N | 94 ˚ 04' 25.9883" E |
| Point B ၏ (Corner 2) | 15 ˚ 00' 58.3170" N | 94 ˚ 06' 24.7445" E |
| Point B ၏ (Corner 3) | 15 ˚ 02' 53.7294" N | 94 ˚ 07' 26.5939" E |
| Point B ၏ (Corner 4) | 15 ˚ 03' 53.8317" N | 94 ˚ 05' 27.8226" E |
| Point C ၏ (Corner 1) | 15 ˚ 21' 52.7604" N | 95 ˚ 12' 52.5211" E |
| Point C ၏ (Corner 2) | 15 ˚ 21' 53.2220" N | 95 ˚ 15' 06.6831" E |
| Point C ၏ (Corner 3) | 15 ˚ 24' 03.3999" N | 95 ˚ 15' 06.2183" E |
| Point C ၏ (Corner 4) | 15 ˚ 24' 02.9371" N | 95 ˚ 12' 52.0332" E |
| Point D ၏ (Corner 1) | 15 ˚ 16' 00.8412" N | 95 ˚ 08' 22.4303" E |
| Point D ၏ (Corner 2) | 15 ˚ 16' 01.3449" N | 95 ˚ 10' 36.5276" E |
| Point D ၏ (Corner 3) | 15 ˚ 18' 11.5216" N | 95 ˚ 10' 35.0196" E |
| Point D ၏ (Corner 4) | 15 ˚ 18' 10.0137" N | 95 ˚ 08' 21.8993" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M–5 & M–6 ရှိ ရတနာစီမံကိန်းတို့တွင် Geophysical Site Survey လုပ်ငန်းများအား Survey Vessel, SMS RADIANCE (Call Sign: JZPW) ရေယာဉ်ဖြင့် ၁၂–၁၀–၂၀၂၄ ရက်နေ့မှ ၂၀–၁၁–၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို တွဲဆိုင်းခြောက်ဆိုင်းဖြင့် ရန်ကုန်မြို့၌ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

Myanmar Martial Arts Group က ကြီးမှူး၍ နဝမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ MYANMAR LETHWEI WORLD CHAMPIONSHIP(MLWC-9)ကို တွဲဆိုင်းခြောက်ဆိုင်းဖြင့် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ ခန်းမ၌ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူလက်ဝှေ့ခန်းမ၌ ပြုလုပ်မည်ဖြစ်ပြီး ခေါင်းတွဲဆိုင်းအဖြစ် အလွတ်တန်းပြိုင်ပွဲ ခုနစ်ချီတွင် ထွန်းထွန်းမင်းနှင့်ကျော်စွာဝင်း၊ ဒုတိယခေါင်းတွဲဆိုင်းအဖြစ် ၈၀ ကီလိုတန်း ငါးချီပြိုင်ပွဲတွင် ရာမာန်နှင့်အောင်ခိုင်၊ ၆၅ ကီလိုတန်း ငါးချီပြိုင်ပွဲတွင် စိန်လုံးချောနှင့် စူပါရေချမ်း၊ ထို့အတူ လေးချီပွဲစဉ်များဖြစ်သည့် ၆၄ ကီလိုတန်းပြိုင်ပွဲတွင် စောဘဟိန်းနှင့် မြလုံးချော၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ဆလိုင်းထန်ခွီးရှိန်နှင့် မောင်ဇော်၊ ၆၃ ကီလိုတန်း ပြိုင်ပွဲတွင် အောင်ထက်ကျော်နှင့် အောင်ကိုလတ်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"အမှတ်ပေးပွဲက ဝိတ်နဲ့တိုင်းတာ၊ အလဲထိုးစနစ်ကျတော့ လက်ရည်တူတဲ့သူကို တွဲရတာ၊ လက်ရည်တူတဲ့သူတွဲတော့ သရေပွဲများတယ်၊ အမှတ်ပေးပွဲက အမှတ်နဲ့ဆုံးဖြတ်တာ၊ ကစားသမားနှစ်ယောက်ရဲ့ အရည်အသွေးကိုမကြည့်တော့ဘူး၊ အလဲထိုးစနစ်ကျတော့ လက်ရည်တူတာကို တည်ရတယ်၊ လက်ရည်တူတာကိုတည်မှပဲ ပွဲကအကြိတ်အနယ်ဖြစ်မှာပါ။ သရေများပေမယ့် အလဲထိုးပွဲမှာ ထိုးတဲ့သူတွေရဲ့ လက်ဝှေ့အဆင့်အတန်းက မြင့်ပါတယ်၊ ထွန်းထွန်းမင်းနဲ့ ကျော်စွာဝင်းတို့ပွဲဆိုရင်လည်း သရေကျမှာစိုးလို့ ခုနစ်ချီလုပ်လိုက်တာဖြစ်ပါတယ်"ဟု ပြိုင်ပွဲနှင့်ပတ်သက် ၍ Myanmar Martial Arts Group မှ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏကပြောသည်။

Myanmar Martial Arts Group သည် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲအမည်ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်းနှင့် ယခုပြိုင်ပွဲကို SKY NET ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။



လင်းရာမ

❂ ကျောဖုံးမှ

စက်တင်ဘာ ၂၁ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ အက်စ်တွန်ဗီလာအသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းနဲ့ နယူးကာဆယ် အသင်းတို့ပွဲစဉ်မှာ ဖူလ်ဟမ်အသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ လက်စတာစီးတီးအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်မှာ တစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ လီဗာပူးအသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက ဘုန်းမောက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဆောက်သမ်တန်အသင်းနဲ့ အစ်ဆွစ်အသင်းတို့ပွဲစဉ်မှာ တစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ စပါးအသင်းနဲ့ ဘရန်းဖို့ဒ်အသင်းတို့ပွဲစဉ်မှာ စပါးအသင်းက ဘရန်းဖို့ဒ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

## သထုံမြို့နယ်၌ သက်မွေးအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲကျင်းပ



သထုံ စက်တင်ဘာ ၂၁

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သက်မွေးအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်း ဆင်းပွဲအခမ်းအနားကို စက်တင်ဘာက ၁၉ ရက်က သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်သီတာဝင်းစံက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး စိုးပိုင်က သင်တန်း၌ ထူးချွန်သည့် သင်တန်းသူအား ဂုဏ်ပြုဆုချီးမြှင့်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်းက သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းတွင် သထုံမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ သင်တန်းသူ ၁၅ ဦးတို့အား အဆင့်မြင့်စက်ချုပ်ဘာသာရပ်များကို ၄၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး စိုးလွင်၊ ရဲတပ်ဖွဲ့ဝင်များက ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)သွေးလှူဘဏ်၌ စက်တင်ဘာ ၂၁ ရက်နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းစဉ်။ အောင်မြင့်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်တွင် မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း ဦးဆောင်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဝေဠုဝန်ပရိယတ္တိ စာသင်တိုက်ကျောင်းဝင်းအတွင်း ဘုရားရောင်တော်ဖွင့်ခြင်း၊ ချုံနွယ်ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။ ဝင်းဗိုလ် (မြန်အောင်)



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဗုဒ္ဓတက္ကသိုလ်တွင် စက်တင်ဘာ ၂၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှငွေး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ အင်အား ၅၀ ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မျိုးဝင်းညို (ကျွန်းလှ )


❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

